# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တန်ခူးလဆန်း (၁) ရက် ၊ အင်္ဂါနေ့ ၊ (9-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



**နေပြည်တော် ဧပြီ ၈**

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေကို အသက်ဝင်စေခဲ့ကာ မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များအနေဖြင့် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်။

ထိုကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိသဘောဆန္ဒအလျောက် **စာမျက်နှာ ၁၈ ကော်လံ ၁** ☞

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။**

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် ဧပြီ ၈**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧပြီ ၁၀ ရက်မှ ၁၂ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပိုံ့တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းသော ဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

➤ ➤ ➤




ရတနာပုံ
၂၀၂၄ ခုနှစ် ဧပြီ ၉ ရက်
အယ်ဒီတာ့အာဘော်

# အတာသင်္ကြန်နှစ်ဦး ကုသိုလ်ထူးပါစေ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ တိုင်းရင်းသားတို့၏ ရိုးရာစဉ်လာပွဲတော်များ၊ ဆယ့်နှစ်ရာသီပွဲတော်များဖြင့် ထင်ရှားသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မကြာမီအချိန်တွင်လည်း မြန်မာတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်သော မဟာသင်္ကြန်ပွဲတော်ကာလကို ရောက်ရှိတော့မည်ဖြစ်သည်။ မြန်မာ့ပြက္ခဒိန်အရ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အခါသမယသို့ မရောက်မီ ကူးပြောင်းချိန်ကာလသည် မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာပွဲတော်များတွင် မြန်မာ့နှစ်ဦး၌ အစောဆုံးကျင်းပသောပွဲတော်ဖြစ်သည့်အပြင် ရေပက်ကစားရသောပွဲတော်ဖြစ်သည့်အတွက် အခြားပွဲတော်များထက် ထူးခြားပြီး ပျော်ရွှင်စွာကျင်းပကြလေ့ရှိသည်။ သင်္ကြန်သည် ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောအဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်ကို မဟာသင်္ကြန်ဟုခေါ်ဝေါ်ကြသကဲ့သို့ အတာသင်္ကြန်ဟုလည်း ခေါ်ကြသည်။ အတာဆိုသည်မှာလည်း နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းဟုပင် အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် အတာသဘင်၊ အတာသင်္ကြန်၊ အတာပွဲဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ပက်ဖျန်းကစားရသောရေကို သင်္ကြန်ရေ၊ အတာရေဟု နှစ်သက်သလိုခေါ်ဆိုကြပါသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်များကို လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်ဖြစ်သော ပုဂံခေတ်ကတည်းက နှစ်စဉ်ယဉ်ကျေးပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်သည်လည်း နှစ်ဟောင်းကာလမှ နှစ်သစ်ကာလသို့ ကူးပြောင်းချိန်မဟာသင်္ကြန်ကာလတွင် ရုံးပိတ်ရက်ရှည်များသတ်မှတ်ပေးလေ့ရှိသည်။ မြန်မာလူမျိုးတို့သည် သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့်အတူ ကုသိုလ်ရေးများကိုပါ ယှဉ်တွဲ၍ သင်္ကြန်ပွဲကို ဆင်နွှဲကြလေ့ရှိသည်။

သင်္ကြန်အခါတော်တွင် ရေကစားခြင်းနှင့်အတူ ကုသိုလ်ရေးများအဖြစ် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲဆင်နွှဲကြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ တရားတော်များနာယူပူဇော်ခြင်း၊ ဒုလ္လဘရဟန်းခံ၊ ရှင်ပြုကြခြင်း၊ တရားစခန်းဝင်၍ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များကို ရောင်တော်ဖွင့်၊ ရေသပ္ပာယ်ခြင်း၊ ဘုရား၊ ကျောင်း၊ ကန်များ၌ သန့်ရှင်းရေးလုပ်ခြင်း၊ သက်ကြီးဘိုးဘွားများ၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များနာယူကြခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသည့်မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများပြုကြလေ့ရှိသည်။ ဤသည်မှာ ပျော်ပျော်ရွှင်ရွှင်ရေပက်ကစားခြင်းနှင့်အတူ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် မြန်မာ့သင်္ကြန်ပွဲ၏ အနှစ်သာရမင်္ဂလာများပင်ဖြစ်ပေသည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် သင်္ကြန်ပွဲတော်သည် အထူးခြားဆုံး၊ အစည်ကားဆုံး ပွဲတော်တစ်ခုဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းသည် အခြားရာသီပွဲတော်များထက် ပို၍ပျော်ပါးစွာပါဝင်ဆင်နွှဲကြလေ့ရှိသည်။ သင်္ကြန်ပွဲတော်သည် ရှေးနှစ်ပေါင်းများထောင်ချီ သက်တမ်းရှိပြီဖြစ်သော မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကိုနှံအောင်းနေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် တစ်ဖက်တွင် လေးနက်သိမ်မွေ့အေးချမ်းသော သင်္ကြန်၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကိုထိန်းသိမ်းရင်း တစ်ဖက်တွင် ခေတ်အလျောက် ဆန်းသစ်တီထွင်ကျင်းပသည့် သင်္ကြန်ပွဲတော်ဆင်နွှဲကြရာတွင်လည်း ပျော်ရွှင်အေးချမ်းမှုနှင့်အတူ မိမိဘဝအတွက် ကောင်းမှုကုသိုလ်တရားများ တိုးပွားအောင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေးသင်္ကြန်ပွဲတော်အတွက် ကျုံးဘေး ၂၆ လမ်းနှင့် ၆၆ လမ်းတွင် ရေကစားမဏ္ဍပ်များဆောက်လုပ်မှု ၈၅ ရာခိုင်နှုန်းခန့်ပြီးစီး



**မန္တလေး ဧပြီ ၈**

မန္တလေးသင်္ကြန်ပွဲတော်အတွက် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် ရေကစားမဏ္ဍပ်များဆောက်လုပ်မှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

ယခုနှစ် သင်္ကြန်ပွဲတော်မှာ မကြာမီရက်ပိုင်းတွင် ရောက်ရှိလာတော့မည်ဖြစ်သည့်အပြင် မန္တလေးမြို့၌ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိပြီး အချက်အချာကျသည့် ကျုံးဘေးပတ်ပတ်လည်တွင် ရေကစားမဏ္ဍပ်များကို မတ်လနောက်ဆုံးပတ်မှစ၍ စတင်ဆောက်လုပ်ခဲ့ရာ လက်ရှိတွင် ရေကစားမဏ္ဍပ်များဆောက်လုပ်မှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် မန္တလေးသင်္ကြန်မှာတော့ ၁၂ လမ်းကနေ ၂၆ လမ်းထိ ၆၆ လမ်းတစ်လျှောက်မှာ ရေကစားမဏ္ဍပ်အကြီး လေးခု၊ မဏ္ဍပ်အသေး ၁၀ ခု ခွင့်ပြုပေးထားပါတယ်။ ဒါ့ပြင် ၆၆ လမ်းကနေ ၇၈ လမ်းထိ ၂၆ လမ်းမှာက ရေကစားမဏ္ဍပ်အကြီး ကိုးခု၊ မဏ္ဍပ်အသေး လေးခု ခွင့်ပြုပေးထားပြီးတော့ ရေကစားမဏ္ဍပ်တွေဆောက်လုပ်မှုကတော့ ၈၅ ရာခိုင်နှုန်းလောက်ထိ ပြီးစီးသွားပါပြီ"ဟု ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြသည်။

အလားတူ မန္တလေးသင်္ကြန်ပွဲတော်ကာလတွင် ပြည်ပခရီးသွားများပါ ဝင်ရောက်လည်ပတ်၍ ရေပက်ခံထွက်ကာ သင်္ကြန်ပွဲတော်ကာလကို ပါဝင်ဆင်နွှဲမှုများလည်း ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးသင်္ကြန်ပွဲတော်တွင် နယ်ဝေးအပြင် မန္တလေးမြို့မှ ဒေသခံပြည်သူများ စည်းကမ်းတကျဖြင့် သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲ ဖြတ်သန်းကြရန်လိုကြောင်း ၎င်းက ပြောပြသည်။

"အခုမန္တလေးသင်္ကြန်ကတော့ အရင်နှစ်တွေကထက် ရေပက်ခံထွက်မဲ့လူတွေနဲ့ ရေကစားမဏ္ဍပ်မှာ ရေပက်ကစားမဲ့လူတွေ တော်တော်လေးများမှာပါ။ ရေကစားမဏ္ဍပ်ကြီးတွေကိုလဲ အခုနှစ်မှာ တော်တော်များများခွင့်ပြုပေးထားတာကြောင့် မန္တလေးသင်္ကြန်ကတော့ အခုနှစ်ပိုပြီးစည်ကားလာမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲယဉ်းကြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**မန္တလေး ဧပြီ ၈**

မန္တလေးပဲ၊နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲယဉ်းကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ပြောင်း၊နှမ်းစသည့်ကုန်စည်များထဲတွင် ကုလားပဲနှင့်ပဲယဉ်းကြီး အမျိုးအစားမှာ ယခင်က ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့်ပဲယဉ်းကြီးအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ပဲယဉ်းကြီးတွေအရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြားဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ် ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်း၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ ပဲယဉ်းကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ တိုင်းရင်းငါးမျိုးငါးဖန်းမကို ဆက်လက်သားဖောက်သွားမည်

**မန္တလေး ဧပြီ ၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းရင်းငါးမျိုးဖြစ်သော ငါးဖန်းမကို မျိုးသုဉ်းမသွားစေရန်အတွက် မန္တလေးတိုင်းဒေသကြီး နတ်ရေကန် ငါးလုပ်ငန်းစခန်း၌ ဆက်လက် သားဖောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြ၍ သိရသည်။

ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးလျက်ရှိကြောင်း၊ ရှားပါးလာသည့် ရေချိုငါးမျိုးစိတ် တိုင်းရင်းငါးမျိုးကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စမ်းသပ်သားဖောက်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ရှားပါးလာသည့်ငါးဖန်းမကို ဆက်လက်သားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ထဲမှာ နတ်ရေကန် ငါးလုပ်ငန်းစခန်းက နေပြီးတော့ ရှားပါးလာတဲ့တိုင်းရင်းငါးမျိုးငါးဖန်းမကို စမ်းသပ်မွေးမြူပြီးတော့ သားဖောက်ခဲ့တာမှာ အောင်မြင်ခဲ့ပါတယ်။ သားဖောက်ရရှိခဲ့တဲ့ငါးမျိုးတွေကို ဒီနှစ်မှာ မျိုးစိုက်ထည့်ပေးသွားမှာပါ။ ငါးမွေးမြူရေးလုပ်သူတွေက ဝယ်ယူမယ်ဆိုရင်လဲ ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။ ဒါကြောင့် ရှားပါးလာတဲ့ ငါးဖန်းမမျိုးတွေ ပေါများလာစေဖို့အတွက် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်မှာလဲ ဆက်လက်ပြီးတော့ သားဖောက်ပေးသွားမှာပါ။ အခုလိုမျိုးရှားပါးငါးတွေ စမ်းသပ်သားဖောက်ပေးနေတာဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးတွေ စဉ်ဆက်မပြတ်ဖမ်းဆီးစားသောက်နိုင်ပြီးတော့ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတပေါများကြွယ်ဝစေဖို့ပါ။ ဒါ့ပြင် ဒေသခံရေလုပ်သားတွေလဲ အလုပ်အကိုင်တွေ ပေါများစေဖို့ပါ"ဟု နတ်ရေကန်ငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းယောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယောင်း ဧပြီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမ်းခမ်းကျေးရွာနှင့် ဟောင်ကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ယမ်းခမ်းကျေးရွာနှင့် ဟောင်ကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ငွေကျပ် ၃၉၅ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှီသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဦးစင်မောင်လှ-ဒေါ်နီလာစင် လေတ်ဝါဘီကေစ်နှင့် Mr. Good Cake မုန့်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီအဖွဲ့ခေါင်းဆောင် သုဓမ္မဇောတိကဓဇ ဦးရိုးလင်းတို့က လက်ခံရယူစဉ်။

# ရေကြည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၂၂၄ ဧက စိုက်ပျိုးပြီးစီး



**ရေကြည် ဧပြီ ၈**

ရခိုင်တိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၂၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၁၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၂၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှာ နွေစပါး ၂၅၁၉၄ ဧက စိုက်ပျိုးဖို့လျာထားတာ ၂၅၂၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းပြီး ဈေးကွက်ကောင်းတဲ့စပါး အမျိုးအစားတွေ ရွေးချယ် စိုက်ပျိုးထားပါတယ်။ အခုနှစ် နွေစပါးတွေကို စိုက်တဲ့အခါ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဖို့၊ မြေဆီလွှာထိန်းသိမ်းပြုပြင်ဖို့၊ ဓာတ်မြေဩဇာ စနစ်တကျကျွေးဖို့ စတဲ့တောင်သူ အသိပညာပေးလုပ်ငန်းတွေကို ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးများကို နွားရေတိုက်ကျေးရွာအုပ်စု၊ ပန်းဇံကွင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ မကျည်းသဟာကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနစသည့် ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျပ်ဆည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်မိုး(မလှိုင်)**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၆၄၇၅ ဧက ရိတ်သိမ်းပြီးစီး

**ကျောက်မြောင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၆၄၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၆၄၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၆၄၇၅ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် ကာကွယ်ဖို့ နည်းလမ်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၂၉၁ ဧက၊ ထောပတ်ပဲ ၁၀၁၄ ဧက၊ စွန်တာပြာ ၂၈၇၅ ဧက၊ ကုလားပဲ ၄၁၁ ဧက၊ ပဲလွမ်း ၅၃ ဧက၊ ပဲဖြူလေး ၂၂၅ ဧက၊ ပဲကျား ၆၀၂ ဧက စုစုပေါင်း ၆၄၇၅ ဧကဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၆၃၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၆၄၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။


ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံ စိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)



# ဆူးကြားက ဘူးပမာ

ပါမောက္ခကိုကိုအောင်



လူတို့နေထိုင်ရာ မြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ကြီး ကိုးလုံးအနက် တစ်ခုအပါအဝင်ဖြစ်သည်။ နေလုံးကြီးကိုဗဟိုပြု၍ လှည့်ပတ်နေကြသော မာကျူရီ၊ ဗီးနပ်စ်၊ မားစ်၊ ဂျူပီတာ၊ စေတန်၊ ယူရေနတ်၊ နက်(ပ်)ကျွန်း၊ ပလူတိုဂြိုဟ်တို့နှင့်အတူ ကမ္ဘာဂြိုဟ်ကြီးသည် မိမိဝင်ရိုးပေါ်၌ ၂၃½ ဒီဂရီတိမ်းစောင်းရင်း ၂၄ နာရီလျှင် တစ်ပတ်ကျလည်ပတ်နေသလို နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်လျက်ရှိနေသည်။

စာသင်ကျောင်းများတွင် ပထဝီဝင်ဘာသာရပ်ကို သင်ကြားကြရာ၌ နေနှင့်တကွ ဂြိုဟ်ကြီး ကိုးလုံး၏ အကြောင်းကိုသာ အဓိကထားပြီး သင်ကြားနေကြသော်လည်း တကယ့်လက်တွေ့၌မူ ဤမြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်း၌ မိမိကို ဝန်းရံလှည့်ပတ်နေသည့် လနှင့်တကွ ကျန်ဂြိုဟ်များ၊ အရံဂြိုဟ်များနှင့်အတူ နေလုံးကြီးကို လှည့်ပတ်ရာတွင် အာကာသဟင်းလင်းပြင်ကြီးထဲ၌ လွတ်လွတ်လပ်လပ် ရှင်းရှင်းလင်းလင်း ရွေ့လျားနေရသည်မဟုတ်ပေ။

အကြောင်းမှာ ဂြိုဟ်ကြီး ကိုးလုံး၊ အရံဂြိုဟ်နှင့် လများကဲ့သို့ပင် နေကိုလှည့်ပတ်နေသော ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန်အများအပြားတို့သည်လည်း သူ့လမ်းကြောင်းနှင့်သူ၊ သူ့နည်းသူ့ဟန်ဖြင့် နေကိုလှည့်ပတ်ရင်း ရွေ့လျားနေကြသောကြောင့်ပင်ဖြစ်သည်။ ထိုသို့သော ရွေ့လျားလှည့်ပတ်နေကြသည့် ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန်တို့၏အရေအတွက် ပမာဏမှာ သန်းနှင့်ချီ၍ရှိနေကြသည်ကို ကမ္ဘာကြီး၌ မှီတင်းနေထိုင်လျက်ရှိကြသော လူအများစုက သတိမပြုမိကြပေ။

အဆိုပါ သန်းနှင့်ချီသော ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန်များအနက် အချို့အရာဝတ္ထုများ၏နေပတ်လမ်းကြောင်းသည် ကမ္ဘာက နေကိုပတ်သည့်လမ်းကြောင်းနှင့် ကန့်လန့်ဖြတ်လျက်ရှိနေကြခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့ထက် ဆွဲငင်အားပိုမိုများပြားသော ဂြိုဟ်သိမ်တို့ကြောင့် လှည့်ပတ်ရွေ့လျားရာလမ်းကြောင်း မကြာခဏပြောင်းလဲနေကြခြင်းကြောင့်လည်းကောင်း လူတို့နေထိုင်ရာ ဤမြေကမ္ဘာကြီးကို ဝင်ရောက်တိုက်မိရန် အခွင့်အလမ်းမှာ အလေးသာလျက်ရှိနေသည်။ တစ်နည်းဆိုရသော် ဤမြေကမ္ဘာကြီးသည် ဆူးကြားက ဘူးပမာပင်ဖြစ်သည်။

သို့အားလျော်စွာ အလွန်သေးငယ်သော ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့များက ကမ္ဘာမြေသို့ ဝင်ရောက်တိုက်မိသည့် အဖြစ်မျိုးသည်ကား မကြာခဏဆိုသလို ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ဂြိုဟ်သေး၊ ဂြိုဟ်မွှားကလေးများက ကမ္ဘာကိုဝင်တိုက်ချိန်တွင် ကမ္ဘာ့လေထုလွှာအတွင်းရှိ အမှုန်အမွှားများနှင့် သိပ်သည်းသော လေထုတို့ကို ပွတ်တိုက်ပြီးမှသာ ကမ္ဘာ့မြေပြင်၊ ရေပြင်တို့ပေါ်သို့ ကျရောက်လာရသည်။

ထိုသို့ ကမ္ဘာ့လေထုအတွင်း ဝင်ရောက်လာချိန်၌ ဖြစ်ပေါ်သော ပွတ်တိုက်မှုကြောင့် လောင်ကျွမ်းနေသော မီးလုံးများအဖြစ် ပြောင်းလဲသွားခြင်းကို ကမ္ဘာ၏ အမှောင်ဘက်ခြမ်း၌ရှိနေသူများ တစ်နည်းဆိုရသော် ညအချိန်ကာလ ရောက်ရှိနေသော ကမ္ဘာ့အရပ်ဒေသရှိ လူတို့က အလင်းတန်းများအဖြစ် တွေ့မြင်ကြရသည်။ ၎င်းကိုကြယ်ကြွေသည်ဟု ပြောစမှတ်ပြုလေ့ရှိကြသည်။

သို့ရာတွင် ကမ္ဘာ၏အလင်းဘက်ခြမ်း၌ရှိနေသူများ တစ်နည်းဆိုသော် နေ့အချိန်ကာလဖြစ်နေသောဒေသရှိ လူတို့ကမူ နေအလင်းရောင်ရှိနေသည့်အတွက် ထိုအလင်းတန်းကို မမြင်ကြရပေ။ အလားတူပင် ကမ္ဘာကိုဝင်တိုက်မိသော ဂြိုဟ်မွှားများသည် အရွယ်အစားအားဖြင့် အလွန်သေးငယ်ပါက ကမ္ဘာ့လေထုအတွင်း ချင်းနင်းဝင်ရောက်လာသည်နှင့် မီးလောင်ပျက်စီးသွားကြသည့်အတွက် ကမ္ဘာ့ပြည်သူတို့အဖို့ မြင်တွေ့ခွင့်မရနိုင်ပေ။

စကြဝဠာအတွင်း၌ လွင့်ပျံရွေ့လျားနေကြသည့် သန်းနှင့်ချီသော ဂြိုဟ်သိမ်များအနက် ရောမဂြိုဟ်သိမ်ကြီးတစ်ခုသည် ၁၉၉၄ ခုနှစ် ဇူလိုင် ၁၆ ရက်က ဂျူပီတာဂြိုဟ်ကို ဝင်တိုက်မိခဲ့သည်။ ရှူးမိတ်ကာလယ်ဗီနိုင်း(Shoemaker Levy-9)ဟု အာကာသသုတေသီတို့က အမည်ပေးထားခဲ့သော ရောမဂြိုဟ်သိမ်ကြီးသည် အစိတ်စိတ်အမွှာမွှာကွဲထွက်ပြီး ဂျူပီတာဂြိုဟ်ကို ဝင်တိုက်ခဲ့သဖြင့် ဂျူပီတာဂြိုဟ်၏ အပေါ်ယံလေထုလွှာထဲတွင် ဤကမ္ဘာမြေ၏ အရွယ်ပမာဏခန့်ရှိသော အပေါက်မည်းကြီးများ ဖြစ်ပေါ်သွားခဲ့သည်။ ထိုဖြစ်ရပ်သည် ကမ္ဘာ့နက္ခတ္တဗေဒဆိုင်ရာ ပညာရှင်များနှင့်သိပ္ပံပညာရှင်များကို အံ့အားသင့်သွားစေခဲ့သည်။

အထက်ပါဖြစ်ရပ်ကဲ့သို့သော ဖြစ်ရပ်တစ်ခုသည် ဤမြေကမ္ဘာ၌လည်း ဖြစ်ပျက်ခဲ့ဖူးကြောင်း သိပ္ပံသုတေသီတို့က ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းသည့် ဒိုင်နိုဆောကြီးများကို မျိုးသုဉ်းပျောက်ကွယ်သွားစေခဲ့သည့် ပဥ္စမမျိုးသုဉ်းမှုကြီးကို ဖြစ်ပေါ်စေခဲ့သော လွန်ခဲ့သည့် နှစ် ၆၅ သန်းကျော်ကာလအတွင်းကဖြစ်သည်။

ထိုစဉ်ကာလက အရွယ်အစားအလွန်ကြီးမားသော ဂြိုဟ်သိမ်တစ်ခုက ဤမြေကမ္ဘာကြီးကို ဝင်တိုက်သဖြင့် ရောမ ဖုန်မှုန့်တိမ်တိုက်ကြီးများဖြစ်ပေါ်ကာ နှစ်ကာလအလွန်ကြာရှည်စွာ နေရောင်ကို ကာဆီးထားခဲ့သည့်အတွက် အပင်များနှင့် သက်ရှိသတ္တဝါမျိုးစိတ်ပေါင်း ၇၅ ရာခိုင်နှုန်းမှာ ကမ္ဘာပေါ်မှ အပြီးတိုင် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြသည်။

အဆိုပါ အဖြစ်အပျက်ကြီး၏ ခိုင်လုံသော အထောက်အထားအဖြစ် ရောမဂြိုဟ်သိမ်ကြီး ကျရောက်ခဲ့ရာ မက္ကဆီကိုနိုင်ငံ ယူကတန်ကျွန်းဆွယ်တွင် ကီလိုမီတာ ၂၀၀ ကျယ်ဝန်းသော ရောမကျင်းကြီးတစ်ခုကို ယနေ့ထိတိုင် တွေ့မြင်နိုင်သည်။ ထိုကျင်းကြီး၏ အနည်ကျလွှာတွင် အီရီဒီယံဓာတ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ထိုအီရီဒီယံဓာတ်သည် ဂြိုဟ်သိမ်များ၌ သဘာဝအလျောက် ဖွဲ့စည်းတည်ရှိနေသော ဓာတ်ပစ္စည်းဖြစ်ကြောင်း သိပ္ပံပညာရှင်တို့က သက်သေထူနိုင်ခဲ့ကြသည်။

မျက်မှောက်ကာလ၌လည်း ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့်ကြယ်တံခွန်များ ကျရောက်သည့်အဖြစ်အပျက်များ မကြာခဏဆိုသလိုရှိခဲ့သည်။ မြန်မာနိုင်ငံအတွင်း၌လည်း ဥက္ကာပျံဟု ခေါ်ဆိုနေကြသည့် ဂြိုဟ်သေး၊ ဂြိုဟ်မွှားများ ကျရောက်ခဲ့ဖူးသည့် အထောက်အထားများကို ရှေးခေတ်ပေပုရပိုက်များ၌ မှတ်တမ်းတင်ခဲ့ကြသည်ကို အထင်အရှားတွေ့ရှိရသည်။

သာဓကတချို့အနေဖြင့် သက္ကရာဇ် ၇၄ ခုနှစ်၊ ပုဂံဘုရင် သမုဒ္ဒရာဇ်မင်းလက်ထက်က လှည်းဘီးခန့်အရွယ်ပမာဏရှိသော ဥက္ကာပျံကြီးကျရောက်ခဲ့သည်။ သက္ကရာဇ် ၇၉၁ ခုနှစ်ကလည်း အနောက်ဘက်လွန်မင်းသည် ရဲမက်အင်အားအလုံးအရင်းဖြင့် အင်းဝမှ တောင်ငူသို့ တပ်တော်ချီရာတွင် ခရီးတစ်ထောက်အဖြစ် ခေတ္တစခန်းချစဉ် ညသန်းခေါင်ကျော်အချိန်၌ ဥက္ကာပျံတစ်ခု တပ်တော်ဦး၌ ကျရောက်ခဲ့သည်။

သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၉၉၂ ခုနှစ်ကလည်း ဥက္ကာပျံကြီးတစ်ခု တောင်အရပ်မှ ပျံလာပြီး မြောက်အရပ်၌ကျရောက်ခဲ့သည်။ ထို့အတူ သက္ကရာဇ် ၁၀၂၂ ခုနှစ် မင်းရဲနန္ဒမိတ်လက်ထက်ကလည်း တောင်အရပ်မှပျံလာသော ဥက္ကာပျံတစ်ခု အင်းဝမြို့တွင်းသို့ ကျရောက်ခဲ့သည်။

ဘကြီးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၉၆ ခုနှစ်ကလည်း အစိတ်စိတ်အမွှာမွှာ ကွဲထွက်လာသော ဥက္ကာပျံကျရောက်မှုကြောင့် ကြယ်များအစုလိုက်အပြုံလိုက်ကြွေကျခဲ့သည်ဟု ထင်မှတ်ခဲ့ကြသည်။ အလားတူပင် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ရွှေဘိုမင်းလက်ထက်ကလည်း ဥက္ကာပျံကြီးတစ်ခု အရှေ့အရပ်မှ ပျံသန်းလာပြီး အနောက်အရပ်သို့ ကျရောက်ခဲ့သည်။

ဥက္ကာပျံများကျရောက်မှုကို နိမိတ်ဆိုးများအဖြစ် စွဲလမ်းယူဆခဲ့ကြသော သာဓကတချို့ကိုလည်းတွေ့ရှိနိုင်သည်။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူခါနီး သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်က ဘောလုံးအရွယ်ပမာဏရှိသော ဥက္ကာပျံတစ်ခုသည် မင်းနေပြည်တော်၏ အရှေ့တောင်အရပ်မှ အနောက်မြောက်အရပ်ဆီသို့ ပျံသန်းကျရောက်ခဲ့သည်။ ထို့အတူ မြန်မာတို့၏နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါဘုရင် နန်းကျခါနီး ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၆ ရက် ညဦးပိုင်းကလည်း အစိတ်စိတ်အမွှာမွှာကွဲထွက်လာသောဥက္ကာခဲများကျရောက်ခဲ့ရာ လူအများက ကြယ်များ အစုလိုက်အပြုံလိုက် ကြွေကျခဲ့သည်ဟု ထင်မှတ်ခဲ့ကြသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ဥက္ကာခဲဥက္ကာပျံများ ကျရောက်မှု အကြိမ်ကြိမ်အခါခါ ဖြစ်ပွားခဲ့ဖူးသလိုပင် ကမ္ဘာအရပ်ရပ်၌လည်း ဒေသများအလိုက် ဥက္ကာပျံများ အများအပြား ကျရောက်ခဲ့ဖူးသည့် သာဓကများစွာရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ နာဆာ (NASA) အဖွဲ့အစည်းသည် ၂၀၀၈ ခုနှစ်က ဤမြေကမ္ဘာကြီးကို အန္တရာယ်ပြုလာနိုင်သော ဂြိုဟ်သိမ် ၉၈၂ ခုကို စာရင်းပြုစုကာ မှတ်တမ်းတင်ထားခဲ့သည်။ အဆိုပါ အဖွဲ့အစည်းသည် ၂၀၁၂ ခုနှစ် အရောက်တွင် ဤမြေကမ္ဘာကြီးကို အန္တရာယ်ပြုလာနိုင်သော ဂြိုဟ်သိမ်များကို ထပ်မံ၍စာရင်းပြုစုခဲ့ရာ ဂြိုဟ်သိမ်အရေအတွက် ၃၀၂ ခု ထပ်မံတိုးပွားလာပြီး စုစုပေါင်း ၁၂၈၄ ခုထိရှိလာခဲ့သည်။

နေစကြဝဠာ အဖွဲ့အစည်းအတွင်းရှိ အာကာသဟင်းလင်းပြင်ကြီးထဲ၌ လွင့်မျောရွေ့လျားလျက်ရှိနေကြသည့် ဥက္ကာပျံ သို့မဟုတ် ဥက္ကာခဲဟု ခေါ်ဆိုနေကြသော သန်းနှင့်ချီသည့် ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့များအနက် လူတို့နေထိုင်ရာ ကမ္ဘာမြေကို အန္တရာယ်ပြုလာနိုင်သည့် အရေအတွက်မှာ လျော့ပါးသွားရန်အကြောင်းမရှိနိုင်ဘဲ ဆက်လက်၍ တိုးပွားများပြားလာရန်သာ ရှိနေသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ဥက္ကာပျံ၊ ဥက္ကာခဲများဟု ခေါ်ဝေါ်သုံးနှုန်းနေကြသော ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန်များ ပတ်ပတ်လည်ဝိုင်းနေပြီး အချိန်မရွေး ကျရောက်လာနိုင်ဖွယ်ရှိနေသည့် ဤမြေကမ္ဘာကြီးပေါ်၌ ရှင်သန်နေထိုင်ကြရသော လူသားတို့အဖို့ နည်းပညာသစ်တစ်ရပ်ကို အမြန်ဆုံးရှာဖွေဖော်ထုတ်ရန်လိုအပ်နေပြီဆိုသည်ကို အငြင်းပွားရန် မလိုတော့ပေ။

ထိုနည်းပညာသစ်သည်ကား အာကာသအတွင်း လွင့်မျောရွေ့လျားနေသည့် အရွယ်အမျိုးမျိုးသော ဥက္ကာပျံ၊ ဥက္ကာခဲများအနက် ကမ္ဘာမြေကို အန္တရာယ်ပြုလာနိုင်သော ဥက္ကာပျံများကို လမ်းကြောင်းလွှဲပြောင်းပေးနိုင်သော သို့တည်းမဟုတ် ဖျက်ဆီးပစ်နိုင်သော ခေတ်သစ်နည်းပညာပင် ဖြစ်ပေတော့သည်။

**❖ သန်းနှင့်ချီသော ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန်များအနက် အချို့အရာဝတ္ထုများ၏ နေပတ်လမ်းကြောင်းသည် ကမ္ဘာက နေကိုပတ်သည့်လမ်းကြောင်းနှင့် ကန့်လန့်ဖြတ်လျက်ရှိနေကြခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့ထက်ဆွဲငင်အားပိုမိုများပြားသော ဂြိုဟ်သိမ်တို့ကြောင့် လှည့်ပတ်ရွေ့လျားရာလမ်းကြောင်း မကြာခဏပြောင်းလဲနေကြခြင်းကြောင့်လည်းကောင်း လူတို့နေထိုင်ရာ ဤမြေကမ္ဘာကြီးကို ဝင်ရောက်တိုက်မိရန် အခွင့်အလမ်းမှာ အလေးသာလျက်ရှိနေသည်။ တစ်နည်းဆိုရသော် ဤမြေကမ္ဘာကြီးသည် ဆူးကြားက ဘူးပမာပင်ဖြစ်သည်။ ❖**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပို့ကုန်ကဏ္ဍမှ စက်မှုကုန်ချောနှင့် လယ်ယာထွက်ကုန်များကို အများဆုံးတင်ပို့ရောင်းချခဲ့ရ

**နေပြည်တော် ဧပြီ ၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ပို့ကုန်ကဏ္ဍမှ စက်မှုကုန်ချောနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းအုပ်စု၊ ရေထွက်ကုန်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ကြမ်းပစ္စည်းအုပ်စုနှင့် အခြားပို့ကုန်ပစ္စည်းအုပ်စုဟူ၍ ပို့ကုန်ပစ္စည်းအုပ်စု ခုနစ်ခု တင်ပို့ရောင်းချပေးခဲ့ရာတွင် ပို့ကုန်ကဏ္ဍမှ မေရိကန်ဒေါ်လာ ၁၄၆၁၈ ဒသမ ၄၅၉ သန်းဖိုး တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ပို့ရောင်းချခဲ့သည့် ပို့ကုန်အုပ်စုများတွင်စက်မှုကုန်ချောအုပ်စုကို အမေရိကန်ဒေါ်လာ ၈၈၄၈ ဒသမ ၀၆၇ သန်းဖိုးဖြင့် အများဆုံး တင်ပို့ရောင်းချခဲ့ရပြီး စက်မှုကုန်ချော အုပ်စုများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပုဂ္ဂလိက ကဏ္ဍက အမေရိကန်ဒေါ်လာ ၃၃၃၅ ဒသမ ၅၂၅ သန်းဖိုးနှင့် နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၅၅၁၂ ဒသမ ၅၄၂ သန်းဖိုး တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် လယ်ယာထွက်ကုန်အုပ်စုကို အမေရိကန်ဒေါ်လာ ၃၈၃၁ ဒသမ ၃၁၂ သန်းဖိုးဖြင့် ဒုတိယအများဆုံး တင်ပို့ရောင်းချခဲ့ရပြီး လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် နိုင်ငံတော်ကဏ္ဍကတင်ပို့ရောင်းချမှုမရှိဘဲ ပုဂ္ဂလိက ကဏ္ဍတစ်ခုတည်းကသာ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည့် ပို့ကုန်အုပ်စု ခုနစ်ခုတွင် အခြားပို့ကုန်ပစ္စည်းအုပ်စုကဏ္ဍမှ ပို့ကုန်များကို အမေရိကန်ဒေါ်လာ ၈၇၇ ဒသမ ၀၆၃ သန်းဖိုးဖြင့် တတိယအများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ရေထွက်ကုန်များကို အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈၉၉ သန်းဖိုးဖြင့် စတုတ္ထအများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ သတ္တုတွင်းထွက်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၀၃ သန်းဖိုးဖြင့် ပဉ္စမအများဆုံးတင်ပို့ရောင်းချခဲ့ရပြီး သစ်တောထွက်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈၅၄ သန်းဖိုးဖြင့် ဆဋ္ဌမအများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၃၄ သန်းဖြင့် အနည်းဆုံး တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။ SKL

# ဝါးခယ်မမြို့နယ် အလန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ သတ္တမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၆၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အလန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၇ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၄၀ ဦးကို ငွေကျပ် ၄၇ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## အို...အချစ်

- တောစံပယ်ပွင့် တောဝယ်ပွင့်သည်
ပွင့်သည့်ပန်းခက် မောင် နှစ်သက်၍
ချစ်မက်မပြေ ပန်ပါမေဟု
သက်ဝေထံသို့ လက်ဆောင်ပို့လည်း
ပန်ဖို့ခက်ခဲ အမြင်မွဲဟု
ရင်ထဲ ဆူးစူး နေပါလျှင်။

- တောမှာနေသည့် မောင့်အမိက
မျက်စိမှုန်မွား လက်တုန်ငြားလည်း
အားကြိုးခဲကာ ရက်လုပ်ရှာသည့်
အညာဖျင်စ ကြမ်းရှရှကို
နှမဝတ်ရန် ရှက်ရွံ့ဟန်ဖြင့်
ငြင်းဆန်ခါးသီး နေပါလျှင်။

- သည်းမှာ ထွန်းသစ် ရင်မှာဖြစ်သည့်
ချစ်မြတ်နိုးရာ မောင့်ကဗျာကို
သေချာလေးမြတ် မောင်ပေးအပ်လည်း
ဖတ်ဖို့ဝန်လေး စာနှင့်ဝေးလျက်
အတွေးတိမ်စွာ ညိုမျက်နှာနှင့်
ခေါင်းခါ ငြင်းပယ် နေပါလျှင်။

- မောင် ခွင့်လွှတ်၍
လျှော့ညွတ် စိတ်ဖြေ ဆိုခဲ့ချေမည်
သွားကြွေ ဆံညို့ ဘဝမျိုးနှင့်
ဘဘိုး ရွယ်ရောက် ဇရာထောက်တိုင်
တစ်ယောက်တည်းပင် နေလိုက်ချင်သည်
မကြင် မုန်းရစ် အို အချစ်။ ။

**မြင်းမူမောင်နိုင်မိုး**

# သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သန်လျင် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သူဌေးကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကို၊ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သူဌေးကွင်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သူဌေးကွင်းကျေးရွာ၌ အရှည် တစ်မိုင် ၄ ဒသမ ၈၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၁၀၉ သိန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်နန်းထိုက်ကုမ္ပဏီက ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်ထံမှ သိရသည်။ **ရှိုးသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် တရုတ်နိုင်ငံသို့ ရောက်ရှိ

**ပေကျင်း ဧပြီ ၈**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် တရုတ်နိုင်ငံသို့ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်ခရီးစဉ်အတွင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံ၍ ယူကရိန်းပြဿနာ၊ တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများနှင့် အာရှ-ပစိဖိတ်ဒေသ အခြေအနေများကို ဆွေးနွေးမည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည်လည်း ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ယင်းသတင်းများ မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ပါက အဆိုပါခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် သမ္မတရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက်ပိုင်း ပထမဆုံး ပြည်ပခရီးစဉ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

တရုတ်နှင့် ရုရှားတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခ မစတင်မီရက်အနည်းငယ် အလိုမှာပင် အကန့်အသတ်မဲ့ မိတ်ဖက်ဆက်ဆံရေးကြေညာထားသော နိုင်ငံများဖြစ်ကြသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



# မိုဇမ်ဘစ်နိုင်ငံ၌ ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွား အနည်းဆုံး ၉၄ ဦးသေဆုံး၍ ၂၆ ဦး ပျောက်ဆုံး

**မာပူတို ဧပြီ ၈**

မိုဇမ်ဘစ်နိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းကမ်းလွန်၌ ကူးတို့သင်္ဘောတစ်စီး တိမ်းမှောက်နစ်မြုပ်ခဲ့ရာ ကာလဝမ်းရောဂါဘေးမှထွက်ပြေးလာသူ အနည်းဆုံး ၉၄ ဦးသေဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဧပြီ ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါရေယာဉ်တိမ်းမှောက်နစ်မြုပ်မှုအတွင်း ၂၆ ဦးလည်း ပျောက်ဆုံးနေကြောင်း မိုဇမ်ဘစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိမ်းမှောက် နစ်မြုပ်ခဲ့သည့် ရေယာဉ်သည် ခရီးသည်နှင့်ကုန်များကို သတ်မှတ်ချက်ထက်ပို၍ တင်ဆောင်ထားပြီး ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်မရှိသည့် ငါးဖမ်းရေယာဉ်ဖြစ်ကြောင်း မိုဇမ်ဘစ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ခရီးသည် ဦးရေ ၁၃၀ လိုက်ပါလာသော အဆိုပါရေယာဉ်သည် နမ်ပူလာပြည်နယ်မှ မိုဇမ်ဘစ်သို့ မောင်းနှင်နေစဉ် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။


အဆိုပါ ရေယာဉ်ပေါ်တွင် လိုက်ပါလာသူအားလုံးမှာ ကာလဝမ်းရောဂါဘေးမှရှောင်ပြေးလာကြသူများဖြစ်ကြောင်း မိုဇမ်ဘစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုဇမ်ဘစ်နှင့် အခြားအာဖရိကတောင်ပိုင်းနိုင်ငံများသည် ပြီးခဲ့သည့်နှစ်မှစ၍ ကာလဝမ်းရောဂါကပ်ဘေးများနှင့် ရင်ဆိုင်နေခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရုတ်သမ္မတနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဧပြီ ၈**

တရုတ်နိုင်ငံသို့ရောက်ရှိနေသည့် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗွန်ဒင်ဟွေးသည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗွန်ဒင်ဟွေးသည် ရက်သတ္တပတ်ကြာခရီးစဉ်အဖြစ် ဧပြီ ၇ ရက်ကပင် ပေကျင်းမြို့သို့ စတင်ရောက်ရှိလာခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် တောင်တရုတ်ပင်လယ်ဒေသ အငြင်းပွားမှုတွင် ပါဝင်နေသောနိုင်ငံများအနေဖြင့် ယင်းရေပြင်ဒေသ၌ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ပူးပေါင်းအကောင်အထည် ဖော်ရေးကို ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဗီယက်နမ်နိုင်ငံရေး စနစ်လေးပွင့်ဆိုင် ခေါင်းဆောင်အုပ်စုတွင် ကွန်မြူနစ်ပါတီအကြီးအကဲ၊ သမ္မတ၊ ဝန်ကြီးချုပ်တို့နှင့်အတူ ပါဝင်နေသူဖြစ်သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အရေးကြီးသောဈေးကွက်လည်းဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ရာ တရုတ်နှင့် ဗီယက်နမ်တို့ကြား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အဆိုပါခရီးစဉ်အတွင်း ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂျပန်နိုင်ငံ၌ စစ်ရေးအရ အမေရိကန်နေရာယူထားမှု ငြိမ်းချမ်းရေးစာချုပ်အတွက်အတားအဆီးဖြစ်ကြောင်း ရုရှားအစိုးရပြောကြား

**မော်စကို ဧပြီ ၈**

ဂျပန်နိုင်ငံ၌ အမေရိကန်နိုင်ငံက စစ်ရေးအရနေရာယူထားမှုသည် ရုရှားနှင့်ဂျပန်တို့ကြား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရေးအတွက် အတားအဆီးတစ်ခု အမြဲဖြစ်နေသည်ဟု ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကို တရားဝင်အဆုံးသတ်ရေးငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကိုဒုတိယကမ္ဘာစစ်ပြီးဆုံး၍ နှစ် ၈၀ နီးပါးရှိလာပြီဖြစ်သည့်တိုင်ငြိမ်းချမ်းရေးစာချုပ်လက်မှတ် ရေးထိုးနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ အမေရိကန်နိုင်ငံက စစ်ရေးအရ နေရာယူထားမှုသည် ဂျပန်နှင့် ရုရှားတို့ကြား ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးရေးအတွက် အတားအဆီးသဖွယ်ဖြစ်နေကြောင်း ဒီမီထရီပက်စကော့ဗ်က ယနေ့သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သို့သော် ရုရှားနှင့်ဂျပန်တို့ကြား တရားဝင် ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးရေးအတွက် အခြားပြဿနာတစ်ရပ်မှာ ကူရိုင်းကျွန်းစုပိုင်ဆိုင်ခွင့်အငြင်းပွားမှု ပြဿနာဖြစ်ကြောင်း သိရသည်။

ပစိဖိတ်ဒေသကျွန်းစုတစ်ခုဖြစ်သောကူရိုင်းကျွန်းစုကို ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီးတွင် ဆိုဗီယက်တပ်နီတော်က သိမ်းပိုက်ခဲ့ပြီး လက်ရှိတွင်လည်း ရုရှားနိုင်ငံက ထိန်းချုပ်ထားသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ဂျပန်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ဂျပန်နှင့်ပြုလုပ်နေသည့် ငြိမ်းချမ်းရေးစာချုပ်ရယူရေးဆွေးနွေးပွဲများမှ နုတ်ထွက်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဂါဇာတောင်ပိုင်းမှ စစ်အင်အားအများစု အစ္စရေးစစ်ဘက်ပြန်လည်ရုပ်သိမ်း

**ဂျေရုဆလင် ဧပြီ ၈**

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ တပ်အများစုကို ပြန်လည်ရုပ်သိမ်းထားပြီး တပ်မဟာတစ်ခုသာ ယင်းဒေသ၌ ချန်ရစ်ထားကြောင်း အစ္စရေးစစ်ဘက်က ဧပြီ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံသည် ဆင့်ခေါ်ထားသည့် အရန်တပ်များကို အနားပေးရန် ယခုနှစ်စပိုင်းမှစ၍ ဂါဇာဒေသရှိ တပ်အင်အားကို လျှော့ချခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်နိုင်မှု အခြေအနေများကို မြှင့်တင်ပေးရေး အတွက်လည်း အဓိကမဟာမိတ် အမေရိကန်နိုင်ငံ၏ဖိအားပေးမှုနှင့် ရင်ဆိုင်နေရသည်။

ဂါဇာတောင်ပိုင်းမှ တပ်များ



ပြန်လည် ရုပ်သိမ်းထားခြင်း၏ နောက်ခံအကြောင်းရင်းနှင့်ရုပ်သိမ်းထားသည့် အင်အားအရေအတွက်ကို အစ္စရေးစစ်ဘက်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော် အစ္စရေးတပ်များအနေဖြင့် ဂါဇာဒေသ၌ပြုလုပ်မည့် အနာဂတ်စစ်ဆင်ရေးများအတွက် ပြင်ဆင်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလ်လန်းက ဧပြီ ၇ ရက်တွင် ထုတ်ဖော် ပြောကြားထားကြောင်း သိရသည်။

ငါးလကျော်ကြာ ဂါဇာစစ်ပွဲ အပစ်အခတ် ရပ်စဲရေးအတွက် ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အီဂျစ်နိုင်ငံက စီစဉ်နေချိန်တွင် ဂါဇာတောင်ပိုင်းမှ ရှေ့တန်းတပ်အများစုကို အစ္စရေးစစ်ဘက်က ပြန်လည်ရုပ်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီက ဒုတိယမြောက်လဆင်းယာဉ် လွှတ်တင်ရေးမစ်ရှင်တွင် ခုန်ဆွသွားလာနိုင်သောစက်ရုပ်ယာဉ်တစ်မျိုးကိုပါ ထည့်သွင်းထား




**ဝါရှင်တန် ဧပြီ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီသည် ဒုတိယမြောက် လဆင်းယာဉ် လွှတ်တင်ရေးမစ်ရှင်တွင် ခုန်ဆွသွားလာနိုင်သော စက်ရုပ်ယာဉ် တစ်မျိုးကိုပါ ထည့်သွင်းထားကြောင်း ဧပြီ ၇ ရက် သတင်းများ အရ သိရသည်။

S.P Hopper အမည်ရှိ အဆိုပါ စက်ရုပ်ယာဉ်သည် အလေးချိန် ၃၅ ကီလိုဂရမ်နှင့် အမြင့် ၁၇ စင်တီမီတာသာရှိပြီး လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်သည့် စက်ရုပ်ယာဉ် အမျိုးအစားဖြစ်သည်။

S.P Hopper စက်ရုပ်ယာဉ်တွင် လမျက်နှာပြင် စူးစမ်းလေ့လာရေး စနစ်သုံးခု တပ်ဆင်ထားကြောင်း Intuitive Machines ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Intuitive Machines ကုမ္ပဏီသည် IM-2 အမည်ရှိ ဒုတိယမြောက် လဆင်းယာဉ်မစ်ရှင်ကို ယခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ်သည် ယခုနှစ် ဖေဖော်ဝါရီလတွင် လပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်မြင်မှုကြောင့် Intuitive Machines ကုမ္ပဏီမှာ လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် အောင်မြင်စွာစေလွှတ်နိုင်ခဲ့သော ပုဂ္ဂလိက အာကာသကုမ္ပဏီအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံက ဟိုင်နန်ကျွန်း ဟိုင်နန်နိုင်ငံတကာအာကာသစခန်း၌ ဒုံးပစ်စင်နှစ်ခုတည်ဆောက်လျက်ရှိရာ တည်ဆောက်မှုလုပ်ငန်းများပြီးစီးလုပြီဖြစ်

**ပေကျင်း ဧပြီ ၈**

တရုတ်နိုင်ငံသည် ဟိုင်နန်ကျွန်း ဟိုင်နန်နိုင်ငံတကာအာကာသစခန်း၌ ဒုံးပစ်စင်နှစ်ခု တည်ဆောက်လျက်ရှိရာ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးလုပြီဖြစ်ကြောင်း ဧပြီ ၇ ရက် သတင်းများအရ သိရသည်။

အထက်ပါ ဒုံးပစ်စင် နှစ်ခုအနက် ပစ်စင်အမှတ်-၁ မှာ ပြီးခဲ့သည့်နှစ် နှစ်ကုန်ပိုင်းတွင် ပြီးဆုံးခဲ့ပြီး ပစ်စင် အမှတ်-၂ မှာ ယခုနှစ် မေလကုန် ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပစ်စင်နှစ်ခုအနက် ပစ်စင်အမှတ်-၁ ကို တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ လောင်း မတ်ချ်-၈ ဒုံးပျံအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ပစ်စင်အမှတ်-၂ ကိုမူ ကုမ္ပဏီပေါင်း ကိုးခုတို့၏ ဒုံးပျံ ၁၉ မျိုး အတွက် အသုံးပြုရန် တရုတ် အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။



လက်ရှိအချိန်တွင် ပစ်စင် အမှတ်-၂ မှာ ပစ္စည်းကိရိယာတပ်ဆင်မှုအဆင့်သို့ရောက်ရှိနေပြီး လာမည့် မေလကုန်တွင် တည်ဆောက်မှုလုပ်ငန်း ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဟိုင်နန်နိုင်ငံတကာအာကာသ စခန်း ပစ်စင်သစ်များကြောင့် ဒုံးပျံများ၏ အစိတ်အပိုင်းများသည် ကုန်းမြေပေါ်သို့ ကျမည့်အစား သမုဒ္ဒရာ ရေပြင်အတွင်းသို့ ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီက Bandwagon-1 မစ်ရှင်ဖြင့် ဂြိုဟ်တုမျိုးစုံ ၁၁ စင်းကို ဧပြီ ၇ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဧပြီ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Bandwagon-1 အမည်ရှိမစ်ရှင်ဖြင့် ဂြိုဟ်တုမျိုးစုံ ၁၁ စင်းကိုဧပြီ ၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တု ၁၁ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၆၀ မျှ အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၁၁ စင်းကို သတ်မှတ်ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ရှေးယခင်က အခြားနိုင်ငံများ၊ ကုမ္ပဏီများမှဂြိုဟ်တုများကို Transporter အမည်ရှိ မစ်ရှင်များဖြင့် စုပေါင်းစပ်ပေါင်း လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Transporter မစ်ရှင်များကို ၁၀ ခုထိ လွှတ်တင်ပေးခဲ့ပြီး ပထမဆုံး Transporter မစ်ရှင်မှာပင် ဂြိုဟ်တုအစင်းပေါင်း ၁၄၃ စင်းထိ ပတ်လမ်းပေါ်သို့ စံချိန်တင်ပို့ဆောင်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီက Bandwagon-1 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သော ဂြိုဟ်တုများထဲတွင် တောင်ကိုရီးယား ဂြိုဟ်တုတစ်စင်းလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## မျိုးဗီဇအပြောင်းအလဲနှစ်ရပ်က အဝလွန်နိုင်ခြေအပေါ် အကျိုးသက်ရောက်မှုရှိ

**လန်ဒန် ဧပြီ ၈**

ဆေးပညာရှင်များရှာဖွေတွေ့ရှိထားသည့် မျိုးဗီဇအပြောင်းအလဲနှစ်ရပ်သည် အဝလွန်နိုင်ခြေအပေါ် လွန်စွာအကျိုးသက်ရောက်မှုရှိနေကြောင်း ဧပြီ ၇ ရက်သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ BSN ခေါ် မျိုးဗီဇတစ်မျိုး၏မျိုးဗီဇပုံစံကွဲကြောင့် ၎င်းမျိုးဗီဇများ ပိုင်ဆိုင်ထားသူများတွင် အဝလွန်နိုင်ခြေ ပုံမှန်ထက်ခြောက်ဆမြင့်မားနေတတ်ကြောင်း သိရသည်။

BSN မျိုးဗီဇ ပုံစံကွဲများသည် အရွယ်ရောက်သူ ၆၅၀၀ လျှင် တစ်ဦးခန့်တွင် ရှိနေတတ်သော မျိုးဗီဇများ ဖြစ်ကြသည်။

ထို့ပြင် APBA 1 ခေါ် မျိုးဗီဇတစ်မျိုး၏ မျိုးဗီဇပုံစံကွဲများသည်လည်း အဝလွန်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

BSN နှင့် APBA 1 မျိုးဗီဇများ၏ မျိုးဗီဇပုံစံကွဲများသည် အဝလွန်နိုင်ခြေအပေါ် အကြီးအကျယ် အကျိုးသက်ရောက်မှုရှိနေသည်ဟု ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဇီဝဘဏ်မျိုးဗီဇသုတေသန စီမံချက်မှ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားရသူများ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ကျန်းမာရေးကိုမြှင့်တင်နိုင်

**တေဟရန် ဧပြီ ၈**

ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေကြရသူများအနေဖြင့် လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဧပြီ ၇ ရက်သတင်းများအရ သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်သည် နိုင်ငံတကာ ကျန်းမာရေးအဖွဲ့အစည်းများက ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားရသူများအတွက် ထုတ်ပြန်ထားသည့်အကြံပြုချက်များနှင့် ကွဲလွဲလျက်ရှိသည်။

ကိုဗစ်ရောဂါလက္ခဏာရေရှည်ခံစားနေကြရသူများ အနေဖြင့် ပြင်းထန်သည့် လေ့ကျင့်ခန်းများ ပြုလုပ်မှုကို ရှောင်ရှားသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အခြားနိုင်ငံတကာ ကျန်းမာရေးအဖွဲ့အစည်းများက အကြံပြုထားကြောင်း သိရသည်။

သို့ရာတွင် ဆွီဒင်နိုင်ငံ ကာရိုလင်စကာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေကြရသူများအနေဖြင့် လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပြုလုပ်မှုသည် ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားကြရသူများအတွက် အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုမျိုးမရှိကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေကြရသူ ၃၁ ဦးကို ကျန်းမာရေးကောင်းမွန်သူများနှင့် နှိုင်းယှဉ်လေ့လာပြီးနောက်၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေတီကိုအသင်းမှ ထွက်ခွာမည့် ဟာမိုဆိုကို အေဗီလာအသင်း ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် ဧပြီ ၈**

အေဗီလာအသင်းသည် လာမည့်နွေရာသီတွင် အေတီကိုအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့်ထွက်ခွာမည့် ခံစစ်ကစားသမား ဟာမိုဆိုကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ခံစစ်ကစားသမား ဟာမိုဆိုသည် အေတီကိုအသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် စာချုပ်သစ်ကမ်းလှမ်းမှုမရှိတော့သဖြင့် လာမည့်နွေရာသီ စာချုပ်ကုန်ဆုံးပါက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အေဗီလာအသင်းနည်းပြ အမ်မရီက ဟာမိုဆိုကိုခေါ်ယူရန် ပစ်မှတ်ထားနေပြီး စီးရီးအေကလပ် အင်တာမီလန်အသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ခံစစ်ကစားသမားသည် အေတီကိုအသင်းသို့ ၂၀၁၉ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆၅ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၃၆ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ပုံစံကောင်းရရှိခဲ့သော်လည်း လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်မှန်းထားသည့် အေဗီလာအသင်းသည် ဗဟိုခံစစ်ပိုင်းတွင် ကွန်ဆာ၊ ပါအူတောရက်၊ ဒီယေဂိုကားလို့စ်၊ တိုင်ရီမင့်၊ ချန်ဘာတို့ရှိနေသော်လည်း ပါအူတောရက်၊ ဒီယေဂိုကားလို့စ်၊ တိုင်ရီမင့်တို့ကိုသာ ဦးစားပေးအသုံးပြုနေရပြီး တိုင်ရီမင့်အနေဖြင့် ဒဏ်ရာရနေသောကြောင့် ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန် ဥရောပ အတွေ့အကြုံကောင်းများရှိသည့် ဟာမိုဆိုကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

အေဗီလာ အသင်းသည် အမှတ်ပေးပွဲ ၃၂ ပွဲ အပြီးတွင် ရမှတ် ၆၀ ရရှိကာ အဆင့်(၅) တွင် ရပ်တည်နေသော်လည်း အဆင့်(၄) မှ စပါးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်သာရှိသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် အခွင့်အရေးများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက ရိုးမားအသင်းသို့ အငှားချထားသည့် တိုက်စစ်မှူး လူကာကူကို လာမည့်နွေရာသီတွင် ဆော်ဒီပရီလိဂ်သို့ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။
- အင်တာမီလန်အသင်းက ဂျီနိုအာအသင်းမှ တိုက်စစ်မှူး ဂုတ်မန်ဆန်ကို ခေါ်ယူနိုင်ခြင်းမရှိပါက မန်ယူအသင်းမှ တိုက်စစ်မှူးမာရှယ်ကိုခေါ်ယူသွားရန် ပစ်မှတ်ထားလျက်ရှိသည်။
- အဲဗာတန်အသင်းက အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး ကယ်ဘက်လေဝင်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ အထက်ရရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# တူကီယဲစူပါဖလား ဗိုလ်လုပွဲစဉ်ကို ဖျက်သိမ်းခဲ့သော်လည်း ဂါလာတာစာရေးအသင်း ချန်ပီယံဆုဖလားရရှိ



**အစ္စတန်ဘူလ် ဧပြီ ၈**

တူကီယဲစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ဖီနာဘာချီအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ တွေ့ဆုံခဲ့သော်လည်း ဖီနာဘာချီအသင်းက ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရန် ဆန့်ကျင်ခဲ့သောကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ကြောင်း သိရသည်။

ဖီနာဘာချီ အသင်းသည် လာမည့် ကြာသပတေးနေ့တွင် အိုလံပီယာကို့စ်အသင်းနှင့် ယူရိုပါ ကွန်ဖရင့်လိဂ် ကွာတားဖိုင်နယ်ပွဲစဉ် ကစားရမည်ဖြစ်သောကြောင့် ယနေ့တွင်ကစားရမည့် စူပါဖလား ဗိုလ်လုပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သော်လည်း တူကီယဲ စူပါလိဂ်အဖွဲ့ချုပ်က ငြင်းပယ်ခဲ့သဖြင့် ယခုပွဲစဉ်ကို ယူ-၁၉ အသင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သို့သော် ဖီနာဘာချီယူ-၁၉ အသင်းသည် ပွဲအစ တစ်မိနစ်ကတည်းက ဂါလာတာစာရေးအသင်းကို ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး ဖီနာဘာချီကစားသမားအနေဖြင့် ကွင်းအတွင်းမှ ထွက်ခွာသွားသောကြောင့် ဂါလာတာစာရေးအသင်း ကစားသမားများက ကွင်းအတွင်း ဆက်လက်ကျန်ရှိ၍ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခဲ့သော်လည်း စူပါလိဂ်အဖွဲ့ချုပ်က ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ပြီး ဂါလာတာစာရေးအသင်းကို ပွဲအစသွင်းဂိုးဖြင့် အနိုင်ပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် တူကီယဲစူပါဖလားသမိုင်းတွင် ပွဲချိန် တစ်မိနစ်တည်းကစား၍ ဆုဖလားရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အောင်ပွဲခံမှုများပြုလုပ်ခဲ့သည်။

ဖီနာဘာချီအသင်းနှင့် ဂါလာတာစာရေးအသင်းတို့သည် အမှတ်ပေးပြိုင်ပွဲတွင်လည်း ဆုဖလားရရှိရန် အပြိုင်ကြိုးပမ်းနေရပြီး ဂါလာတာစာရေးအသင်းက ရမှတ် ၈၄ မှတ်ဖြင့် အဆင့်(၁)၊ ဖီနာဘာချီအသင်းက ရမှတ် ၈၂ မှတ်ဖြင့် အဆင့်(၂)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# တိုက်စစ်မှူး ထရှိုင်ပဲရော့ကို ရောင်းချရန်အသင့်ရှိကြောင်း စပါးအသင်းထုတ်ပြန်

**လန်ဒန် ဧပြီ ၈**

စပါးအသင်းသည် အသက် ၂၂ နှစ်ရှိ လူငယ်တိုက်စစ်မှူး ထရှိုင်ပဲရော့ကို လာမည့်နွေရာသီတွင် ရောင်းချရန်ဆုံးဖြတ်ထားပြီး သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး ထရှိုင်ပဲရော့သည် ယခုနှစ် ဘောလုံးရာသီတွင် နယ်သာလန်ကလပ် အိတ်ဆဲရှားအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေရပြီး အိတ်ဆဲရှားအသင်းတွင် ပြိုင်ပွဲစုံ ၂၄ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိပြုလုပ်နိုင်ခဲ့သောကြောင့် ဂျာမန်ကလပ် ဖရိုင်းဘတ်အသင်းက ခေါ်ယူရန် ကြိုးပမ်းလာချိန်တွင် စပါးအသင်းက သင့်တော်သည် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းနည်းပြ ပိုစတီကိုဂလူသည် အသင်းတိုက်စစ်ပိုင်းတွင် ဆွန်ဟောင်မင်၊ ရစ်ချာလီဆန်၊ ကူလူဆက်စကီး၊ ဘန်ဂျွန်ဆင်၊ စကားလက်၊ ဆော်လမွန်တို့ကို ပိုင်ဆိုင်ထားသောကြောင့် လူငယ်ကစားသမား ထရှိုင်ပဲရော့ကို အသင်းတွင် ပွဲထွက်ခွင့်ပေးရန် မဖြစ်နိုင်သဖြင့် အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထရှိုင်ပဲရော့သည် ၂၀၁၉ ခုနှစ်တွင် စပါးအသင်းလူငယ်အကယ်ဒမီမှ စီနီယာအသင်းကြီးသို့ ရောက်ရှိခဲ့သော်လည်း လေးပွဲသာ ပါဝင်ကစားခွင့်ရခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မီဝေါလ်အသင်းသို့လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် အက်ဗ့်စ်ချီအသင်းသို့ ရာသီဝက်စာချုပ်ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် အမ်ကေဒွန်းအသင်းသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် ပရက်စတန်အသင်းသို့လည်းကောင်း၊ ယခုနှစ်တွင် အိတ်ဆဲရှားအသင်းသို့လည်းကောင်း အငှားစာချုပ်များဖြင့်သာ ကျင်လည်ခဲ့ရပြီး လာမည့်နွေရာသီ အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်၌ စပါးအသင်းက ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# Charleston Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဒန်နီလီကောလင်း ဆွတ်ခူး

**ချာလ်စတန် ဧပြီ ၈**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင်ကျင်းပခဲ့သည့် Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် အမေရိကန်တင်းနစ်မယ် ဒန်နီလီကောလင်းတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဒန်နီလီကောလင်းက(၆-၂၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကစားသမားဘဝ၏ နောက်ဆုံးရာသီတွင် အောင်မြင်မှုများရယူချင်ကြောင်း ပြောကြားထားသည့် ဒန်နီလီကောလင်းအနေဖြင့် ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ခဲ့သည်။

မိယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကစားသမားဘဝ၏ အမြင့်ဆုံးသော ဆုဖလားကိုရရှိသွားခဲ့ပြီး Charleston Open တင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုအား ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲနှစ်ရပ်ဆက်တိုက်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁၅)နေရာသို့ တက်ရောက်ခွင့်ရရှိတော့မည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် ရှုံးနိမ့်သွားခဲ့သည့် ကာဆက်ကီနာသည် ၂၀၁၇ ခုနှစ်တွင် Charleston Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုဖလားအား ဆွတ်ခူးနိုင်ခဲ့ဖူးသူဖြစ်ပြီး ဒန်နီလီကောလင်းအား အနိုင်ရရှိဖွယ်ရှိနေကြောင်း ပွဲကြိုသုံးသပ်ချက်များ ထွက်ပေါ်ခဲ့သော်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ဒန်နီလီကောလင်းအား ရှုံးနိမ့်သွားခဲ့ရသည်။



ဒန်နီလီကောလင်းက "အိပ်မက်တွေ အမှန်တကယ်ဖြစ်လာလို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကြီးကျယ်ခမ်းနားတဲ့အောင်ပွဲပါ။ ကစားသမားဘဝကိုနှုတ်ဆက်ဖို့ ပြင်ဆင်နေတဲ့နှစ်မှာ အခုလို အောင်မြင်မှုတွေရယူနိုင်ခဲ့တာဟာ ကျွန်မအတွက်တော့ တစ်သက်လုံးအမှတ်ရစေမဲ့ အမှတ်တရတွေပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကာဆက်ကီနာက "တင်းနစ်လောက က ဒန်နီလီကို လွမ်းဆွတ်နေတော့မှာပါ။ ပုဂ္ဂိုလ်ရေးအရလဲ ကောင်းပြီး အကျင့်စရိုက်တွေလဲ ကောင်းတဲ့ ဒန်နီလီဟာ ထူးချွန်တဲ့ ကစားသမားတစ်ယောက်ပါ။ ဒီနေ့ ဗိုလ်လုပွဲစဉ်မှာလဲ ဒန်နီလီကစားသွားတာ အံ့မခန်းပါပဲ"ဟု ချီးကျူးခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : AZL**

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်



**ရန်ကုန် မေ ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၏ အပြီးသတ်ကစားသမား ၁၇ ဦး စာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ပြီးခဲ့သည့် မတ်လကတည်းက ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားလျက်ရှိနေပြီး လက်ရှိတွင်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲစဉ်များ ဆက်လက်ကစားလျက်ရှိနေသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၏ အပြီးသတ်ကစားသမား ၁၇ ဦးစာရင်းမှ ဂိုးသမားများအဖြစ် ရဲထက်နိုင်၊ မိုင်စိုးမြတ်ထွေး၊ ညီညီသန့်၊ ကစားသမားများအဖြစ် လှိုင်မင်းထွန်း၊ ထွန်းထွန်းဝင်း၊ မျိုးသက်ကျော်၊ ငြိမ်းမင်းစိုး၊ မင်းချစ်သူ၊ လတ်ပိုင်ဇော်လွန်း၊ ဝေဇင်ဦး၊ မျိုးမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းကျော်ထွန်း၊ ထွန်းမင်းလှိုင်၊ မျိုးသက်အောင်၊ ကိုကိုလွင်၊ ထွဋ်ဝေထွန်းတို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြီးခဲ့သည့် မတ်လက အာဖဂန်နစ္စတန်အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲကစားခဲ့ရာတွင် ပထမပွဲစဉ်၌ ခြောက်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ထိုင်းခရီးစဉ်တွင်လည်း ကူဝိတ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစမ်းပွဲ နောက်ဆုံးပွဲစဉ်ကို မေ ၁၀ ရက်တွင် ကာဂျစ်စတန်အသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# T-Mobile Match Play ပြိုင်ပွဲ ချန်ပီယံဆု နယ်လီကော့ဒါ ဆွတ်ခူး

**လက်စ်ဗီးဂတ် မေ ၉**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်မြို့တွင် ကျင်းပခဲ့သည့် T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါနှင့် အိုင်ယာလန်ဂေါက်သီးရိုက်မယ် လီယွန်နာမက်ဂွဲယားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်လီကော့ဒါက အကောင်းဆုံးလက်စွမ်းပြကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နယ်လီကော့ဒါ အနေဖြင့် ဂေါက်သီးရိုက်လောကတွင် LPGA Tour ၏ ပြိုင်ပွဲလေးရပ်ဆက်တိုက်တွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် ပထမဦးဆုံးသော ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။


လီယွန်နာမက်ဂွဲယားက ပြိုင်ပွဲမတိုင်မီကတည်းက နယ်လီကော့ဒါသည် ကမ္ဘာ့အကောင်းဆုံးဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်ပြီး ချန်ပီယံဆုအတွက် နယ်လီကော့ဒါအား အနိုင်ယူရန် ခက်ခဲမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်တွင်လည်း လီယွန်နာမက်ဂွဲယား ပြောကြားထားသည့်အတိုင်းပင် နယ်လီကော့ဒါက အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ထိုက်တန်မှုရှိကြောင်းသက်သေပြနိုင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် လီယွန်နာမက်ဂွဲယားက အကောင်းဆုံးကြိုးစားယှဉ်ပြိုင်နိုင်ခဲ့သော်လည်း နယ်လီကော့ဒါ၏ အမှားကင်းသည့် စွမ်းဆောင်ရည်များကြောင့် အနိုင်ရလဒ်ရယူနိုင်ရေး လုံလောက်မှုမရှိခဲ့ကြောင်းလည်း လီယွန်နာမက်ဂွဲယားက ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : AZL



# MNL League Cup 2024 ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ မေ ၂၅ ရက်တွင် ပြန်လည်ကျင်းပမည်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MNL League Cup 2024 ပြိုင်ပွဲကို မဟာသင်္ကြန်ကာလတွင် ရပ်နားသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မေ ၂၅ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ် မြန်မာ နေရှင်နယ်လိဂ်-၂နှင့် အပျော်တမ်းလိဂ်မှ ပြိုင်ပွဲဝင်အသင်း ၂၀ဖြင့် အုပ်စုလေးခုခွဲကာ ကျင်းပလျက်ရှိနေပြီး လက်ရှိတွင် ပထမအကျော့ပွဲစဉ်များ အားလုံး ကျင်းပပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီး အုပ်စု(A)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၂ မှတ်ဖြင့် ပထမ၊ မဟာယူနိုက်တက်အသင်းက ရမှတ်ကိုးမှတ်ဖြင့် ဒုတိယ၊ GFA အသင်းက ခြောက်မှတ်ဖြင့် တတိယ၊ University အသင်းက သုံးမှတ်ဖြင့် စတုတ္ထ၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရမှတ်မရှိသေးဘဲ ပဉ္စမနေရာတွင် ရပ်တည်နေပြီး အုပ်စု(B)တွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာ ရမှတ်ကိုးမှတ်ဖြင့် ပထမ၊ ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ ကချင်ယူနိုက်တက်အသင်းက ကိုးမှတ်ဖြင့် တတိယ၊ Glory Goal အသင်းက သုံးမှတ်ဖြင့် စတုတ္ထ၊ ရိန်းဘိုးအသင်းက ရမှတ်မရှိသေးဘဲ ပဉ္စမနေရာတွင်ရပ်တည်လျက်ရှိနေသည်။

အလားတူ အုပ်စု(C)တွင် ဒဂုံစတားအသင်းက ရမှတ် ၁၂ မှတ်ဖြင့် ပထမ၊ ရောဝတီယူနိုက်တက်အသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်မှတ်ဖြင့် တတိယ၊ ဒဂုံပေါ့အသင်းက သုံးမှတ်ဖြင့် စတုတ္ထ၊ ဆေးတားစတားအသင်းက ရမှတ်မရှိသေးဘဲ ပဉ္စမ၊ အုပ်စု(D)တွင် ISPE အသင်းက ရမှတ် ၁၀ မှတ်ဖြင့် ပထမ၊ ရတနာပုံအက်ဖ်စီအသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ သစ္စာအားမာန်အသင်းက လေးမှတ်ဖြင့် တတိယ၊ မြဝတီအက်ဖ်စီအသင်းက လေးမှတ်ဖြင့် စတုတ္ထနှင့် ရက္ခပူရယူနိုက်တက်အသင်းက တစ်မှတ်ဖြင့် ပဉ္စမနေရာတွင် အသီးသီး ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# ဂေတီတေလာနှင့် ဆာရန်နိုတို့ မကျေပွဲထိုးသတ်ရန် ဆွေးနွေးမှုစတင်နေကြောင်း ထုတ်ပြန်

**လန်ဒန် မေ ၉**

WBA၊ WBC၊ IBF၊ WBO၊ IBO အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်းချန်ပီယံ အိုင်ယာလန် လက်ဝှေ့မယ် ဂေတီတေလာနှင့် WBA၊ IBF၊ WBO၊ IBO အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုတို့သည် မကျေပွဲစဉ်ထိုးသတ်သွားရန်အတွက် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း ဂေတီတေလာ၏ Promoter ကုမ္ပဏီဖြစ်သော Matchroom ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

စိန်ခေါ်ပွဲကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ထိုးသတ်သွားရန်စီစဉ်နေပြီး လာမည့်ဇွန်လ၌ ထိုးသတ်သွားမည်ဖြစ်ကြောင်းလည်း Matchroom ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

Matchroom ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ အက်ဒီဟန်းက ဂေတီတေလာအား တတိယမြောက် မကျေပွဲစဉ်ထိုးသတ်သွားရန် စိန်ခေါ်မှုပြုလုပ်ထားသော အင်္ဂလန်လက်ဝှေ့မယ် ချန်တယ်လီကင်မရွန်းနှင့် ဆွေးနွေးနေသော်လည်း ဆာရန်နိုနှင့် ထိုးသတ်ရေးအတွက်လည်း ဆွေးနွေးမှုပြုလုပ်နေကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဂေတီတေလာ အနေဖြင့် လက်ရှိ ချန်ပီယံခါးပတ်များအား ကာလရှည် ထပ်မံထိန်းသိမ်းနိုင်ရေးကို ပစ်မှတ်ထားနေသလို စိန်ခေါ်မှုများကိုလည်း လက်ခံသွားရန် အဆင်သင့်ဖြစ်နေကြောင်းလည်း ပြောကြားခဲ့သည်။

ဆာရန်နိုသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဂျာမနီလက်ဝှေ့မယ် နီနာမိန်းကီနှင့် ထိုးသတ်သွားရန် ပွဲစီစဉ်ခဲ့သော်လည်း စိန်ခေါ်ပွဲထိုးသတ်ရန် ရက်ပိုင်းအလိုတွင် မျက်လုံးဒဏ်ရာ ရရှိခဲ့သည့်အတွက် ထိုးသတ်နိုင်ခဲ့ခြင်းမရှိဘဲ ပွဲဖျက်သိမ်းခဲ့ရသည်။

ဆာရန်နိုသည် မျက်လုံးဒဏ်ရာ သက်သာသွားခဲ့ပြီဖြစ်သည့်အတွက် လေ့ကျင့်ရေးအစီအစဉ် ပြန်လည်စတင်နေပြီဖြစ်သလို စိန်ခေါ်ပွဲထိုးသတ်သွားရန်လည်း အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

Ref : Xinhua

Trs : AZL

# ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က အဲဗာတန်အသင်းကို ရမှတ်နှစ်မှတ်လျှော့ပြစ်ဒဏ်ချမှတ်



**လန်ဒန် မေ ၉**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် အဲဗာတန်အသင်းအနေဖြင့် ရမှတ်နှစ်မှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

အဲဗာတန်အသင်းသည် အသင်းဝင်ငွေနှင့် ထွက်ငွေမျှတခြင်းမရှိခဲ့ဘဲ ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ငြိစွန်းခဲ့သည့်အတွက် စွဲချက်တင်ခံခဲ့ပြီးနောက် ယခုကဲ့သို့ ရမှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းကတည်းက အသင်းဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုကြောင့် ပထမအကြိမ်အဖြစ် ရမှတ် ၁၀ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး အယူခံတင်သွင်းခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့သည့် ရမှတ် ၁၀ မှတ်လျှော့ပြစ်ဒဏ်မှ ရမှတ် ခြောက်မှတ်လျှော့ပြစ်ဒဏ်အဖြစ် ပြောင်းလဲချမှတ်ခံခဲ့ရသည်။

ထို့ပြင် အဲဗာတန်အသင်းသည် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်သည့်အချက်များ ကျန်ရှိနေသေးသည့်အတွက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထပ်မံစွဲချက်တင်ကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြစ်မှုထင်ရှားသည့်အတွက် ရမှတ်နှစ်မှတ်လျှော့ပြစ်ဒဏ်ထပ်မံချမှတ်ခဲ့ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က အဲဗာတန်အသင်းအပြင် အစောပိုင်းကလည်း နော့တင်ဟမ်အသင်းကိုဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုကြောင့် ရမှတ်နှစ်မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဲဗာတန်အသင်းသည် ရမှတ်နှစ်မှတ်လျှော့ ပြစ်ဒဏ်ကြောင့် လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၆)နေရာသို့ ဆင်းပေးခဲ့ရပြီး တန်းဆင်းဇုန်မှ လူတန်အသင်းနှင့်လည်း ရမှတ်နှစ်မှတ်သာ ကွာဟတော့ကြောင်း သိရသည်။

Ref : RT

Trs : STA

➤ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတာင် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ရေဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသတွင် အင်းလေးရေပေါ်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


ယခင်နှစ်က အင်းလေးရေပေါ်သင်္ကြန်ကို တွေ့ရစဉ်။

**တောင်ကြီး ဧပြီ ၈**

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသတွင် အင်းလေးရေပေါ်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ရှမ်းပြည်နယ်အတွင်း ခရီးသွားများ အဓိကဝင်ရောက်လေ့ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ မြို့ကြီးများတွင် ဗဟိုမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အင်းလေးဒေသ၏ထင်ရှားသည့် ရေပေါ်သင်္ကြန်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဟာ တစ်နှစ်ပတ်လုံး ခရီးသွားဧည့်သည်ဝင်ရောက်မှု မြင့်တက်နေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒီလိုဝင်ရောက်ထားတဲ့အတွက် ခရီးသွားဝင်ရောက်မှုများမဲ့ ဒီနှစ်သင်္ကြန်မှာတော့ တောင်ကြီး၊ ကလော၊ အင်းလေး၊ အောင်ပန်း၊ ပင်းတယ၊ တာချီလိတ်၊ ကျိုင်းတုံတို့မှာ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးမဏ္ဍပ်တွေနဲ့ စည်စည်ကားကား ကျင်းပမှာဖြစ်ပါတယ်။ ဒါ့ပြင် အင်းလေးဒေသမှာ ထင်ရှားတဲ့ ရေပေါ်သင်္ကြန်ပွဲတော်ကိုလဲ ရိုးရာအကအလှဖျော်ဖြေမှုတွေ၊ စတုဒိသာကျွေးမွေး ဧည့်ခံမှုတွေနဲ့ ဧပြီ ၁၃ ရက်ကနေ ၁၆ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားဖို့ရှိပါတယ်"ဟု ဦးထင်အောင်နိုင်က ပြောပြသည်။

အဆိုပါ အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ကာလအတွင်း အင်းလေးကန် ရေပြင်ပေါ်တွင် သံယာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူမည့် နှစ်ဦးရေပေါ်ဆွမ်းလောင်းပွဲ၊ နှစ်ဦးရေပေါ်ဓမ္မသဘင်ကျင်းပခြင်း၊ လှေသမ္ဗန်များ၊ ဖောင်များဖြင့် အတာရေကစားကြခြင်း၊ ရေပေါ်ပွဲတော်အဖြစ် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာ့ရိုးရာ အတာသင်္ကြန်ယိမ်းအကအလှများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားရိုးရာအကအလှပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Birthday Show ကို ဧပြီ ၁၀ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဧပြီ ၈**

အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Birthday Show ကို ဧပြီ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဂါးဒင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ Sai Sai Birthday Show ကို အင်းလျားလိတ်ဂါးဒင်းတွင် ညနေ ၄ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး Birthday Show အတွက် ဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း သတ်မှတ်ထားကြောင်း သိရသည်။

"၂၀၀၄ ခုနှစ်မှာ Blazon က ဝန်ထမ်းမိတ်ဆွေတွေရဲ့ Idea နဲ့ စခဲ့တဲ့ ပထမဆုံး Birthday Show ကနေ ၂၀၁၉ ခုနှစ်ထိ Birthday Show တွေ ဆက်တိုက်လုပ်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း မလုပ်ဖြစ်တော့ဘဲ အခု ၂၀၂၄ ခုနှစ်မှာ ပြန်ပြီးတော့ Birthday Show လုပ်မှာဖြစ်ပါတယ်။ စလုပ်ခဲ့တဲ့ ၂၀၀၄ ခုနှစ်က ဆိုရင်တော့ အခုနှစ်က နှစ် ၂၀ ပြည့် Birthday Show ပွဲလို့ ပြောလို့ရပါတယ်"ဟု အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Birthday Show ပွဲများကို စတင်ပြုလုပ်ခဲ့သည့် ၂၀၀၄ ခုနှစ်မှ စတင်ကာ Show ပွဲကျင်းပခဲ့သည့် ပွဲများအတွက် Album တစ်ခုစီ ထွက်ရှိခဲ့ပြီး ထွက်ရှိထားသည့် တေးသီချင်း Album များကို ပရိသတ်များက နှစ်ခြိုက်အားပေးခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် Sai Sai Birthday Show 2024 ပွဲ ပြီးဆုံးပါကလည်း ယခင်မွေးနေ့ပွဲများအတိုင်း တေးသီချင်း Album ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ASH




# Good Fortune ဟာသဇာတ်ကားတွင် မင်းသမီး စန်ဒရာအိုး ပါဝင်မည်

**နယူးယောက် ဧပြီ ၈**

ဒါရိုက်တာအဇစ်အန်ဆာရီ၏



Good Fortune အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသမီး စန်ဒရာအိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၇ ရက် သတင်းများအရ သိရသည်။

Good Fortune ဇာတ်ကားတွင် မင်းသမီး စန်ဒရာအိုးသည် မင်းသား ဆက်ရိုဂျင်၊ ကီနူးရီ၊ မင်းသမီး ကီကီပယ်မာတို့နှင့်အတူ ပါဝင် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ ဒါရိုက်တာ အဇစ်အန်ဆာရီ ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Good Fortune ဇာတ်ကား၌ မင်းသမီး စန်ဒရာအိုးအနေဖြင့် မည်သည့် ဇာတ်ကောင်နေရာတွင် ပါဝင် သရုပ်ဆောင်ရမည်ကို မသိရသေးကြောင်း သိရသည်။

လက်ရှိတွင် Good Fortune ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

Good Fortune ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

စာပေမြင့်မှ လူမျိုးတင့်မည်

# 50 large container ships from 15 international shipping lines set to dock in April



Container ships moored at Yangon international port.

**Yangon April 8**

A total of 50 large container ships from 15 lines of international container shipping lines are set to dock at the ports in April, according to reports released by the Myanma Port Authority (MPA).

During the open season, the MPA under the Ministry of Transport and Communications is providing the necessary supervision and management to ensure that large ships can enter and exit to carry rice and other crops without delay, complete loading on time, and export the quality and quantity with minimum waste.

In addition, the Myanmar Rice Federation (MRF) meets with major exporters of rice, beans, and maize periodically to support and fulfill their needs.

According to these arrangements, international large ships docked and unloaded cargo at piers in Yangon International Port in March.

Due to the increase in the number of large international shipping vessels arriving at the port, the warehouses in the compound of Sule International Port have been renovated.

336

# More than 1,000 foodstuffs, personal goods tested at laboratory

**Mandalay April 8**

A total of 1,098 items of foodstuffs and personal goods have been tested at the laboratory in Mandalay Region in 2023-24 financial year for emergence of manageable scale businesspersons, said U Win Bo, director of Mandalay Region Small-scale Industries Department.

The department earmarked to admit tests for 553 items of foodstuffs, personal goods and cosmetics and 545 items for microbiological tests in the region in 2023-24 FY. Hence, the department performed 1,098 items for tests, exceeding the target.

"We could exceed the target of conducting tests for products. Last FY, we exceeded 478 laboratory tests for goods. We also approved the products in line with the lab tests. It aims to emerge businesspersons in the financial year. In fact, businesspersons need to take laboratory tests for their products before sending them to the market in order to sell safe foods to the people," he explained.



Staff conducting lab tests on foodstuffs.

The laboratory test under the arrangement of the department purposes to stop flow of products with dangerous chemicals and low-quality products into the market.

185

# More than 8,000 acres of winter sesame harvested in Htigyaing Township

**Htigyaing April 8**

Local farmers in Htigyaing Township have harvested 8,082 acres of winter sesame, according to the statistics of the township Agriculture Department.

In 2023-24 financial year, winter sesame in Htigyaing Township yielded 13.45 baskets per acre.

U Aung Ko Ko, Head of the Township Agriculture Department, said, "The township placed 8,082 acres of croplands under winter sesame plantation which has been harvested by cent per cent. Local farmers grew the sesame with GAP system. Our department helped them boost per acre yield of sesame and expand sown acreage."

They started growing of winter sesame in October 2023 and completed cultivation in December 2023. In 2022, they planted 8,080 acres of winter sesame.

In 2023-24 FY, a total of 260 acres of monsoon sesame was earmarked in Htigyaing Township but local farmers grew 290 acres against the target of cultivation.

The crops cultivated from the farms under GAP system get high prices in the market due to higher quality than others. So, growers can get increased incomes for contributing to the socioeconomic life.

206

# 212 hospitalized over intake of Japan Kobayashi Pharma's red yeast rice supplement

**Tokyo April 8**

The number of people hospitalized in Japan due to health damage related to Kobayashi Pharmaceutical's dietary supplement containing red yeast rice, or beni-koji, had risen to 212, local media reported on Monday.

The figure was updated as of Sunday, with those who have since been discharged included, national news agency Kyodo reported citing the Ministry of Health, Labor and Welfare.

The ministry, based on the report from Kobayashi Pharmaceutical, the manufacturer of the beni-koji ingredient, a total of 1,224 have sought medical attention as of Sunday, and about 53,000 inquiries have been directed to the company.

During interviews at Kobayashi Pharmaceutical's headquarters in Osaka on Saturday, discussions were held regarding the two-month gap the drugmaker took from identifying health damages to making them public, the health ministry added.

Xinhua

# Explainer: A review of Palestine-Israel conflict 6 months after its outbreak

**Cairo April 8**

The current round of the Palestine-Israel conflict has been going on for six months, yet no permanent ceasefire has been reached. While the humanitarian crisis in Gaza is worsening, tensions are spilling over into neighboring areas like southern Lebanon, Syria and the Red Sea. Here are the latest developments of the conflict.

During the surprise attack by Hamas on southern Israel on Oct. 7, 2023, some 1,200 people were killed, and more than 200 others were taken hostage. Israeli media the Times of Israel said on Saturday that 129 hostages remain in Gaza, and not all of them are alive.

The Palestinian death toll in the Gaza Strip has risen to 33,175, as a result of Israeli attacks, Gaza's health authorities announced on Sunday.

The humanitarian crisis in Gaza intensifies as Israel's military attacks persist alongside a blockade on the enclave.

According to figures released by the United Nations Relief and Works Agency for Palestine Refugees in the Near East, nearly 1.9 million people, or more than 85 percent of Gaza's population, have been displaced. The Israeli blockade has obstructed humanitarian aid delivery, with the UN warning of famine and malnutrition in Gaza.

The conflict also extends beyond the Gaza Strip, with tensions between Palestinians and Israeli troops in the West Bank escalating. Xinhua



A boy stands in front of the rubble after an Israeli airstrike in Maghazi refugee camp, central Gaza Strip, on April 4, 2024.

# Natyegan Fisheries Camp supplies over 3.5 million fish to Mandalay Region farmers



Natyegan fisheries camp where fingerlings are stored.

**Mandalay April 8**

The Natyegan Fisheries Camp in Mandalay Region has successfully distributed and sold over 3.5 million fish fingerlings of various species to fish farmers in the region during the 2023-2024 fiscal year, exceeding their target of 4 million, according to Daw San San Oo, assistant director of the camp.

This achievement highlights the camp's commitment to supporting local fish farming. Daw San San Oo explained that they focused on providing high-quality fingerlings at affordable prices, making them readily accessible to farmers.

The camp not only provides fingerlings but also offers technical assistance to farmers. Additionally, they prioritize the distribution of carp, the most popular fish species for aquaculture in the region's arid environment.

By exceeding their target and offering additional support, the Natyegan Fisheries Camp plays a crucial role in promoting and developing the fish farming industry in Mandalay Region. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# YeU Township farmers cultivate over 1,000 acres of summer paddy

**YeU April 8**

More than 1,000 acres of summer paddy have been planted in YeU Township, YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

In the 2023-2024 summer crop season, 25,000 acres of summer paddy have been earmarked to be planted in YeU Township, and since February this year, 1,561 acres have been planted.

"The department is helping to provide technology, impart knowledge on the prevention of pest infestation, and to prevent damage to crops and timely arrival of harvested paddy under shelter," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During the summer crop planting season of 2022-2023, 40,200 acres of summer paddy were earmarked to be planted in YeU Township. From February to April, 2023, 7,901 acres of summer paddy were planted.

This year, the Department of Agriculture for the township is providing education for farmers to cultivate good and pure seeds, to use natural fertilizers, to plant rain crops on time, and to provide technology for planting commercial varieties. 206



A summer paddy plantation.

# Yamethin Township cultivates more than 1,500 acres of summer paddy

**Yamethin April 8**

More than 1,500 acres of summer paddy has been cultivated with the use of irrigated water in Yamethin Township of Mandalay Region this summer, said U Aung Myo Thant, Head of Yamethin Township Agriculture Department.

Thitson and Kyeeni dams in the township irrigate more than 1,500 acres of summer paddy which was cultivated starting from the last week of February this year. The remaining farmlands are being placed under summer paddy.

"Local farmers decided to grow four strains of paddy as summer paddy in the township. These strains will be complying with irrigated areas. So far, they have grown more than 1,500 acres of summer paddy with the use of GAP system. Moreover, local farmers use other strains of paddy," he explained.

The township authorities earmarked cultivation of 1,120 acres of summer paddy but local farmers have planted more than 1,500 acres. Local farmers use Manaw Thukha, Palethwe, Shwethweyin and Theehtetyin paddy strains. 185

# Onion growers in Yinmabin District reap 9846 acres of winter onions

**Yinmabin April 8**

The harvest of 9,846 acres of onions planted during the winter crop season in Yinmabin District, Sagaing Region, has been completed, according to statistics from the Department of Agriculture for Yinmabin District.

During the 2023-2024 winter crop planting season, the onion fields planted in Yinmabin District have been harvested since February of this year. So far, 9,846 acres have been harvested and 3,592.55 visses per acre has been produced.

"As for onion cultivation, most of them are planted in winter. Onion cultivation has been expanding year by year," said Daw Myat Moe Win, District Head of the Department of Agriculture in Yinmabin District.

According to the completion of onion harvesting in Yinmabin District, there were 3,179 acres in Yinmabin Township, 519 acres in Kani Township, 3,948 acres in Salingyi Township, and 2,200 acres in Pale Township, totaling 9,846 acres.

The townships that grow the onions mostly in Sagaing Region are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. 206



Newly harvested onions.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားသည် KUB Loitering Munition တိုက်ခိုက်ရေးဒရုန်းသစ်ကို ယူကရိန်းတွင်အသုံးပြုထားကြောင်း အတည်ပြု



ရုရှားကုမ္ပဏီဖြစ်သော Kalashnikov ကုမ္ပဏီသည် ရုရှား-ယူကရိန်း စစ်ဆင်ရေးတွင် KUB Loitering Munition တိုက်ခိုက်ရေးဒရုန်းအသစ်များ ဧပြီ ၂ ရက်တွင် တပ်ဖြန့်ချထားအသုံးပြုလျက်ရှိကြောင်း Army Recognition သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

KUB Loitering Munition သည် အဆင့်မြင့် ပစ်မှတ်ရှာစနစ်ကြောင့်ပစ်မှတ်များကို အကွာအဝေးကီလိုမီတာ ၅၀ ထိ ရောက်မှုရှိသည်ဟု Kalashnikov ကုမ္ပဏီက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်း (ISR) နှင့် ပစ်မှတ်ထားတိုက်ခိုက်မှုများတွင် ရုရှားစစ်ဘက်၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ရန်ဒီဇိုင်းထုတ်ထားသည့် KUB ဒရုန်း၏ အသံတိတ် ပျံသန်းတိုက်ပွဲဝင်နိုင်မှုသည် ၎င်းကို ကြည်း၊ ရေ မြီမ်းခြောက်မှုနှစ်ရပ်စလုံးကို ချေမှုန်းတိုက်ဖျက်ရန် အစွမ်းထက်သော လက်နက်တစ်ခုဖြစ်လာစေသည်။ ၎င်း၏ ထူးခြား၊ ကျယ်ဝန်းသော တြိဂံတောင်ပံပုံစံ ဖွဲ့စည်းတည်ဆောက်ထားပုံသည် တိုက်ခိုက်မှုလုပ်ဆောင်ချိန်ထိ ရန်သူ့တန်ပြန်ထောက်လှမ်းမှုမခံရစေဘဲ လျှို့ဝှက်စွာဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

Loitering Munition တိုက်ခိုက်ရေးဒရုန်းသည် တောင်ပံအရှည် ၁ ဒသမ ၂၁ မီတာ၊ အလျား သုည ဒသမ ၉၅ မီတာနှင့် အမြင့် သုည ဒသမ ၁၆၅ မီတာသာရှိသည့်အတွက် သယ်ယူပို့ဆောင်ရေးနှင့် တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုမှုတို့တွင် လျင်မြန်လွယ်ကူစေသည်။ အလေးချိန် ၃ ကီလိုဂရမ်ရှိသော ထိပ်ဖူးတပ်ဆင်ထားသည့် Loitering Munition ဒရုန်းသည် အပေါ့စားသံချက်ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိပြီး ကင်းထောက်မှုနှင့် တိုက်ရိုက်တိုက်ပွဲဝင်မှု အခန်းကဏ္ဍနှစ်ခုစလုံးတွင် မဟာဗျူဟာမြောက် အားသာချက်ကို ပိုင်ဆိုင်ထားနိုင်စေသည်။

KUB Loitering Munition ၏ ထင်ရှားသောအင်္ဂါရပ်မှာ အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်ရှာဖွေထောက်လှမ်းမှုနှင့် အမျိုးအစားစိစစ်ခွဲခြားမှုစွမ်းရည်များကို သိသိသာသာ မြှင့်တင်ပေးနိုင်သည့် အသိဉာဏ်တုနည်းပညာသုံး Artificial Intelligence Visual Identification (AIVI) ဆော့ဖ်ဝဲကို ပေါင်းစပ်အသုံးပြုထားသည်။ ဤအချက်သည် ဒရုန်း၏ စောင့်ကြည့်ရေးဧရိယာကို အဆ ၆၀ တိုးချဲ့နိုင်ခြင်းဖြင့် ဒရုန်း၏တိုက်ပွဲဝင်လည်ပတ်မှုစွမ်းဆောင်ရည်ကို တိုးမြှင့်စေရုံသာမက မစ်ရှင်များအတွင်း ၎င်း၏အဖျက်စွမ်းအားနှင့်အလိုအလျောက်တိုက်ပွဲဝင်နိုင်စွမ်းကိုလည်း မြှင့်မားကောင်းမွန်စေမည်ဖြစ်သည်။

လျှပ်စစ်မော်တာဖြင့် မောင်းနှင်နိုင်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၈၀ မှ ၁၃၀ အမြန်နှုန်းထိ ပျံသန်းတိုက်ပွဲဝင်နိုင်သော KUB Loitering Munition ဒရုန်းဒီဇိုင်းသည် လေထဲ၌ ပျံသန်းနေချိန်တွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်သည်။ ဒရုန်း၏အမြီးပိုင်းတွင် ပန်ကာတပ်ဆင်ထားသည့် ဖွဲ့စည်းပုံသည် ၎င်း၏ ကိုယ်ပျောက်အင်္ဂါရပ်များကို အားဖြည့်ပေးနိုင်ကာ ပျံသန်းမှုကြာချိန် မိနစ် ၃၀ ထိနှင့် ခန့်မှန်းခြေအကွာအဝေး ကီလိုမီတာ ၅၀ ထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

နောက်ဆုံးပေါ် AI နည်းပညာသုံး၍ ကိုယ်ပျောက်နိုင်စွမ်းဒရုန်း၏ အမြင့်ပျံသန်းနိုင်စွမ်းနှင့်ထိရောက်သော တိုက်စွမ်းအားတို့ ပေါင်းစပ်မှုတွင် Zala-KUB Loitering Munition များကို ခေတ်သစ်စစ်ပွဲများတွင် အဓိကလက်နက်စွမ်းအားအဖြစ် အသုံးပြုလာနိုင်တော့မည်ဖြစ်ပြီး ဆန်းသစ်တီထွင်မှုနှင့် လက်တွေ့ကျကျ တိုက်ပွဲဝင်နိုင်မှုတို့ကို သက်သေပြချက်တစ်ခုလည်း ဖြစ်ပါတော့သည်။

**Russia confirms deployment in Ukraine of new KUB loitering munition able to reach target at 50 km ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ရေတပ်က လေကြောင်းရန်ကာကွယ်ရေးအတွက် မိုက်ခရိုဝေ့လက်နက်ကို ၂၀၂၆ ခုနှစ်တွင် စတင်စမ်းသပ်ရန်စီစဉ်



အမေရိကန်ရေတပ်သည် စစ်ရေယာဉ်များ လေကြောင်းရန်ကာကွယ်ရေးအတွက် စွမ်းအားမြင့် မိုက်ခရိုဝေ့လက်နက် ကနဦးပုံစံတစ်ခုကို လာမည့် ၂၀၂၆ ခုနှစ်တွင် စစ်ရေယာဉ်တစ်စီး၌ စတင်စမ်းသပ်တပ်ဆင်ရန် စီစဉ်နေကြောင်း Defense Post သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

METEOR သည် အမေရိကန်ရေတပ်၏ ပထမဆုံး စွမ်းအားမြင့် မိုက်ခရိုဝေ့လက်နက်စီမံကိန်းအမည်တစ်ခုဖြစ်ပြီး ဒရုန်းများနှင့် သင်္ဘောဖျက်ဒုံးကျည်များ၏ ရန်မှ ကာကွယ်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ကြောင်း အမေရိကန်ရေတပ်၏ သတင်းအချက်အလက်များကို ကိုးကား၍ USNI သတင်းဌာနက ရေးသားဖော်ပြထားသည်။

အမေရိကန်တပ်မတော်၏ ကြည်းတပ်နှင့်လေတပ် နှစ်ရပ်စလုံးတွင်လည်း လေဆာကဲ့သို့ တိုက်ရိုက်စွမ်းအင်သုံးစီမံကိန်းများအပြင် ၎င်းတို့၏ သီးခြားမိုက်ခရိုဝေ့လက်နက်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စွမ်းအားမြင့် လေဆာအလင်းတန်းတစ်ခုဖြင့် ပစ်မှတ်ကို အရည်ပျော်၊ လောင်ကျွမ်းစေခြင်း သို့မဟုတ် အငွေ့ပြန်သွားစေခြင်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်သော လေဆာလက်နက်စနစ်များနှင့်မတူဘဲ မိုက်ခရိုဝေ့စနစ်သည် ပစ်မှတ်၏ အီလက်ထရွန်နစ် စက်ပစ္စည်းအစိတ်အပိုင်းများကို နှောင့်ယှက်ခြင်း သို့မဟုတ် ဖျက်ဆီးနိုင်ခြင်းကြောင့် အဖျက်စွမ်းအားပိုမိုကြီးမားသည်။

၎င်း၏ပိုမိုကျယ်ပြန့်သောလှိုင်းအလင်းတန်း အသုံးပြုနိုင်မှုသည် ဒရုန်းအုပ်များကဲ့သို့ ပစ်မှတ်များစွာကိုတန်ပြန်တိုက်ဖျက်ရန် လေဆာလက်နက်စနစ်ထက် အားသာချက်ရှိကြောင်း သိရသည်။ METEOR မိုက်ခရိုဝေ့လက်နက် တီထွင်နိုင်မှုသည် တစ်ချက်ပစ်ခတ်ရာတွင် ကုန်ကျစရိတ်သက်သာခြင်း၊ ခဲယမ်းကျည်မလိုအပ်ခြင်း၊ နည်းဗျူဟာမြောက်အကွာအဝေး၊ ချဉ်းကပ်လာသော ပစ်မှတ်မျိုးစုံကို အချိန်တိုအတွင်း တုံ့ပြန်တိုက်ပွဲဝင်နိုင်ခြင်း၊ လှည့်စားနိုင်ခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းစသည့်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားနိုင်လိမ့်မည်ဟု အမေရိကန်ရေတပ်၏ သတင်းအချက်အလက်များအရ သိရသည်။

METEOR စီမံကိန်း၏ရည်ရွယ်ချက်မှာ ပေါင်းစပ်အာရုံခံကိရိယာများနှင့် လက်နက်ထိန်းချုပ်နည်းလမ်းများကို အကဲဖြတ်ဆန်းစစ်နေချိန်တွင် စစ်ဆင်ရေးဆိုင်ရာခြိမ်းခြောက်မှုများကို ခြေရာခံထောက်လှမ်း၊ တိုက်ပွဲဝင်နိုင်ရန် အရွေ့စွမ်းအင်မဟုတ်သော၊ စွမ်းအားမြင့်မိုက်ခရိုဝေ့လက်နက်အား ရေတပ်စစ်သင်္ဘောများတွင် ပေါင်းစည်းအသုံးပြုနိုင်မှုကို နည်းဗျူဟာမြောက်စွာ သရုပ်ပြသနိုင်ရန်ဖြစ်သည်ဟုလည်း ရေးသားဖော်ပြထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဒုံးကျည်ပိုင်ဆိုင်ထားမှုများ၊ ပင်လယ်နီနှင့်အိန္ဒိယသမုဒ္ဒရာတို့တွင် ကုန်သည်သင်္ဘောများအပေါ် ဒရုန်းများနှင့် သင်္ဘောဖျက်ဒုံးကျည်များဖြင့် တိုက်ခိုက်နေသည့် ဟူသီသူပုန်များကို တန်ပြန်ရန် အင်ဒို-ပစိဖိတ်ဒေသအပါအဝင် စစ်နယ်ဝန်းဒေသများစွာတွင် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်များအတွက် ဖြန့်ကြက်အသုံးပြုနိုင်ဖွယ်ရှိနေသည်။

လက်ရှိတွင် အမေရိကန် ပူးပေါင်းတပ်ဖွဲ့တွင် သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်များ၏ ခြိမ်းခြောက်မှုအန္တရာယ်များကို ကြံ့ကြံ့ခံခုခံကာကွယ်၊ တိုက်ဖျက်နိုင်သည့် Hard Kill/Soft Kill နည်းလမ်းများမရှိသေးကြောင်း၊ အဆိုပါပြဿနာသည် ရန်ဘက်နိုင်ငံ၊ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ၊ သင်္ဘောတွင် တင်ဆောင်နိုင်သည့် ခဲယမ်းအရွယ်အစားနှင့် ပမာဏအပါအဝင် ကျယ်ပြန့်သော ပထဝီဝင်ဆိုင်ရာ အခြားအချက်များကြောင့် အမေရိကန်ရေတပ်၏ အင်ဒို-ပစိဖိတ်ဒေသ ကွပ်ကဲမှုဌာနချုပ်ဧရိယာဝယ် လိုအပ်ချက်ဖြစ်ပေါ်လျက်ရှိသည်ဟု အမေရိကန်ရေတပ်၏ သတင်းအချက်အလက်များကို ကိုးကား၍ အမေရိကန်ရေတပ်အင်စတီကျု USNI သတင်းဌာနက ရေးသားဖော်ပြထားသည်။

**US Navy to Test Onboard Microwave Weapon in 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၉၀၁ ဒသမ ၂၉၃ သန်းရရှိခဲ့



**နေပြည်တော် ဧပြီ ၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေအမေရိကန်ဒေါ်လာ ၂၉၀၁ ဒသမ ၂၉၃ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို စသည့်နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၇၂၄ ဒသမ ၇၂၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅၃၁၃ ဒသမ ၀၁၁ သန်းနှင့် သွင်းကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၄၁၁ ဒသမ ၇၁၈ သန်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၉၀၁ ဒသမ ၂၉၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၀၁၁ ဒသမ ၁၅၆ သန်း ရရှိခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၈၇၈ ဒသမ ၂၀၉ သန်းရရှိခဲ့ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂၅ သန်း ရရှိခဲ့ပြီး မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၃ သန်း ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၉၀၁ ဒသမ ၂၉၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

SKL

# စလင်းမြို့နယ် ကန်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဧပြီ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကန်တော်ကျေးရွာအုပ်စု ကန်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကန်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ ကန်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၈သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၅ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းရိုး**

# တန့်ယန်းမြို့နယ် နမ့်ပွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဧပြီ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ရှာတစ်ယူနစ်ဖြင့် ဆောင်ရွက်သည့် နမ့်ဟူးလွယ်ကာကျေးရွာအုပ်စု နမ့်ပွန်း+လုံယန်းကျေးရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နမ့်ပွန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၂ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နမ့်ပွန်း+လုံယန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို ငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၄-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ နေ့လယ်စာသုံးဆောင်နေမှုကို တွေ့ရစဉ်။

၂) ရှေ့ဖုံးမှအဆက်

စာရင်းပေးသွင်း လာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်း ကိုက်ညီသူများကိုစုဖွဲ့၍ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ အသီးသီးတွင် သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများတွင် သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြကာ သင်တန်းသားများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲများအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသားများကို တွေ့ဆုံအမှာစကား



ပြောကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သင်တန်းသားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ကြမည့် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများ အနေဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် မိမိသဘောဆန္ဒအလျောက်



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

စာရင်းပေးသွင်းလာခဲ့ကြသူများ ဖြစ်ကြပြီး နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများနှင့် တာဝန်ရှိသူများ၏စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းမွမ်းမံသင်တန်း စတင်ဖွင့်လှစ်မယ်ဆိုတဲ့အခါမှာ ကျွန်တော်တို့နည်းပြတွေစပြီးတော့ စုဖွဲ့ရပါတယ်။ စုဖွဲ့ပြီးတဲ့အခါမှာ နည်းပြတွေ စနစ်တကျသင်ကြားပေးနိုင်ဖို့အတွက် မွမ်းမံသင်တန်းတွေ ဖွင့်လှစ်တယ်။ ဖွင့်လှစ်ပြီးတော့မှ သင်တန်းသားတွေနဲ့ အခုသင်ကြားပေးရမယ့် အခြေခံစစ်ရေးပြ၊ လက်နက်ငယ်ပြီးရင် ပြည်သူ့စစ်သင်တန်းမှာ သင်ကြားပေးရမယ့် ဘာသာရပ်အလိုက် နည်းပြတွေ စုဖွဲ့ပြီးတော့မှ စနစ်တကျနဲ့သင်ကြားပေးနိုင်ဖို့အတွက် အားလုံးဆောင်ရွက်ထားပါတယ်။ အရပ်သားတွေဖြစ်တဲ့အတွက် သူတို့တွေ စစ်ပုံကျနမှုရှိစေရေးအတွက် ပထမဦးဆုံး သူတို့ရောက်လာပြီဆိုတာနဲ့ ယူနီဖောင်း စတင်ဝတ်ဆင်မယ်ဆိုရင် ဖိနပ်မှအစ ဦးထုပ်အဆုံးပေါ့ ယူနီဖောင်းတွေ စနစ်တကျဝတ်ဆင်ရေး၊ ဖိနပ်တွေ စနစ်တကျစီးတတ်စေရေး၊ ပြီးရင် ချပ်ဝတ်တန်ဆာပလာတွေကို စနစ်တကျနဲ့ဝတ်ဆင်တတ်စေဖို့အတွက် နည်းပြအရာရှိ၊ နည်းပြဆရာကြီးတွေ ကြီးကြပ်ပြီးတော့မှ သူတို့ကို အသေးစိတ် သင်ကြားပြသ လေ့ကျင့်ပေးခဲ့ပါတယ်ခင်ဗျာ။ သူတို့အတွက် ဒီသင်တန်းကနေပြီးတော့မှ အတွေ့အကြုံတွေ အများကြီးရရှိမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဘာတွေရရှိမယ်ဆိုလို့ရှိရင် အရပ်သားဘဝကနေ စစ်မှုထမ်းဘဝကို ကူးပြောင်းလာတာဖြစ်တဲ့အတွက် နံပါတ်တစ် သူတို့ရဲ့ခန္ဓာကိုယ်ပိုင်းဆိုင်ရာတွေ ကြံ့ခိုင်လာမယ်။ အဲဒါပြီး





ရင် သူတို့တွေ အသင်းအဖွဲ့နဲ့ လုပ်ဆောင်တတ်လာမယ်။ ဒါ့ပြင် အချိန်ကိုက် စစ်သင်တန်းဖြစ်တဲ့အတွက် သူ့ရဲ့သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သူတို့တွေဟာ အချိန်ကိုက် လုပ်ဆောင်တတ်လာမယ်။ အဲ့ဒါအပြင် မိမိတို့ဒီမှာရှိတဲ့ တစ်နေရာစီကနေ လာရောက်ပြီးတော့ ဒီမှာ စုစည်းပြီးနေရတာဖြစ်တဲ့အတွက် သူတို့ရဲ့ ညီရင်းအစ်ကိုပမာ သူတို့တွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေတတ်လာမယ်။ ပြီးတော့မှ ဒီကနေပြီးတော့ သူတို့တွေ စိတ်ဓာတ်နဲ့ ခံယူချက်တွေ မြင့်မားလာဖို့ ကျွန်တော်တို့ သင်ကြားပို့ချပေးလိုက်တဲ့အခါမှာ သူတို့တွေဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ် ချစ်တတ်လာမယ်။ အဲ့ဒီကစပြီးတော့မှ မိမိကိုယ်ကနေမှအစ မိမိရဲ့မိသားစု၊ မိမိရဲ့မြို့ရွာ၊ မိမိရဲ့နိုင်ငံထိ ကျွန်တော်တို့သူတို့တွေ တန်ဖိုးထားချစ်တတ်လာမယ်လို့ ထင်မြင်မိပါတယ်။"

"ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက ဒီစစ်သားလုပ်ရတာကို စိတ်ဝင်စားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်ကျောင်းပြီးတဲ့အချိန်မှာ အဖေ၊ အမေက သဘောမတူလို့ ကျွန်တော် လျှောက်ခွင့်တောင် မရခဲ့ပါဘူး။ ခုတော့ ဘွဲ့ရပြီးတော့ ကျောင်းပြီးတဲ့အချိန်မှာ ဒီစစ်မှုထမ်းဥပဒေလည်း ထွက်တဲ့အချိန်မှာ ကျွန်တော်အလွန်ဝမ်းသာစွာနဲ့ ကိုယ့်ဆန္ဒနဲ့ ကျွန်တော့်မြို့နယ်မှာ စာရင်းသွင်းပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့် ပညာအရည်အချင်းကတော့ (Bachelor)ဘွဲ့ကို အမေရိကကနေ ကျောင်းပြီးပါတယ်။ မဟာဘွဲ့ကိုတော့ ဥရောပနိုင်ငံမှာရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံကနေပြီးတော့ ကျောင်းပြီးထားပါတယ်။ ကျွန်တော်ဒါပြီးရင် အခွင့်အရေးပေးရင်တော့ ဗိုလ်လောင်းတက်ဖို့အစီအစဉ်ရှိပါတယ်။"

"နိုင်ငံသားတိုင်း ဒီတာဝန်ကိုမလွဲမသွေထမ်းဆောင်ရမှာဖြစ်တဲ့အတွက် အစောဆုံးအပတ်စဉ်တွေမှာ ကျွန်တော်တို့သာ တကယ်ကောင်းကောင်းမွန်မွန် ချောချောမွေ့မွေ့ဆိုရင် နောက်လူတွေကိုလည်း နည်းပေးလမ်းပြစံပြဖြစ်အောင် နေလို့ရတယ်လို့ ကျွန်တော်တို့ခံယူလို့ မိဘကိုလည်း ကိုယ်တိုင်ခွင့်ပန်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး တွေ/ အုပ်တွေကနေတစ်ဆင့် ကျွန်တော်တို့အကုန်လုံးကို အစီအစဉ်တကျစနစ်တကျအတိုင်း မိမိဆန္ဒအလျောက် ဆန္ဒပြုပြီးလာခဲ့တာပါ။ ကျွန်တော်တို့ မနက်စာဆိုရင် ဒီနေ့မနက် ထမင်းကြော်နဲ့ ကြက်ဥနဲ့ လက်ဖက်ရည်နဲ့ နေ့လယ်ဆို ကျွန်တော်တို့ ပုံမှန်စားနေကျဆိုရင် အသားဟင်းရယ်၊ ပဲဟင်းရယ်၊ အစိမ်းကြော်တစ်မျိုးမျိုးပေ့ါ။ ညနေဘက်ဆိုရင်လည်း ဒီလိုပဲ အသားဟင်းတစ်ခွက်ပါမယ်၊ အစိမ်းကြော်ပါမယ်၊ တစ်ခါတလေ ငါးပိထောင်းပါတယ်။ အချဉ်ဟင်းလေးဖြစ်ဖြစ်ပေါ့ အဲ့လိုမျိုး အဆင်ပြေပါတယ်။ နေရာမျိုးစုံကလာတယ်ဆိုပေမယ့် အကုန်လုံးက စနစ်တကျဖြစ်တဲ့အတွက် အကုန်လုံးသန့်သန့်ရှင်းရှင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျနေရတယ်။ ရေ၊ မီးဆိုလည်း အကုန်လုံးလိုအပ်သမျှစီစဉ်ပေးထားတယ်။ အကုန်လုံး ကျွန်တော်ကတော့ ကောင်းတယ်လို့ မြင်ပါတယ်ခင်ဗျာ။"

# ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကို ယနေ့ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၅၉၃၄ ပါး/ဦးအနက် ၁၂၉၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၂၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# Grade-7 နှင့် Grade-10 သင်ခန်းစာများ နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education, Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် မေ ၈ ရက်မှ မေ ၃၁ ရက်ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲနှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲတွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲနှင့် ည ၇ နာရီမှ ၇ နာရီခွဲတွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများကို အသိပေးအပ်ပါသည်။

# မတ် ၃၁ ရက်မှ မေ ၇ ရက်ထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦးတွေ့ရှိ

**နေပြည်တော် မေ ၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက် ည ၈ နာရီမှ မေ ၇ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၀၉၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၄)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း၊

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၃၈၊ ၀၆၃- ၂၀၂၈၈၃၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၀၂၄၅၊ ၀၂- ၄၀၂၀၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးထားသည့် စာချွန်လွှာပါဦးစားပေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် မေ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာအကောင်အထည်ဖော်ရေးနှင့်စာချွန်လွှာပါဦးစားပေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် စာချွန်လွှာပါ ဦးစားပေးနယ်ပယ်များတွင် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု၊ အကောက်ခွန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ မိလ္လာနှင့် ရေဆိုးများသန့်ရှင်းရေး၊ တိရစ္ဆာန်များမှ ကူးစက်နိုင်သောရောဂါကာကွယ်ရေး၊ကုသရေး၊ထိန်းချုပ်ရေး၊ လူ၊ အပင်နှင့်တိရစ္ဆာန်များ ပိုးမွှားကင်းစင်ရေးအစီအမံများ၊ ဘဏ္ဍာရေးဈေးကွက်များ၊ သယ်ယူပို့ဆောင်ရေးစွမ်းအင်၊စက်မှု-စိုက်ပျိုးရေးကဏ္ဍ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စက်မှုလုပ်ငန်း၊ စားသုံးသူအခွင့်အရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နှင့်နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားသောကဏ္ဍများပါဝင်သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးနှင့် ပတ်သက်၍လည်း လိုအပ်သူများထံအချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအလေးထားဆောင်ရွက်လျက်ရှိသည်။မြန်မာနိုင်ငံတစ်ဝန်း ၌ ကုလသမဂ္ဂအဖွဲ့အစည်း ၁၆ ဖွဲ့၏ ရုံးခွဲများဖွင့်လှစ်ထားရှိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလထိရရှိသောစာရင်းများအရ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ နိုင်ငံခြားသားဝန်ထမ်း ၁၃၀ ကျော်၊ပြည်တွင်းခန့်ဝန်ထမ်း ၁၆၀၀ ခန့်အပါအဝင် ဝန်ထမ်းစုစုပေါင်း ၁၇၀၀ ကျော် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာအဖွဲ့အစည်းများ၊အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏သံရုံးများကို မြေပြင်လုံခြုံရေးအခြေအနေပေါ်မူတည်၍ ခရီးသွားရောက်ခွင့်ပြုခဲ့သည်။ လွန်ခဲ့သောသုံးနှစ်အတွင်း အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများကို နိုင်ငံတစ်ဝန်းခရီးသွားလာခွင့်အကြိမ် ၁၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများကိုအကြိမ် ၆၀ ကျော်ခွင့်ပြုခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများကို စုစုပေါင်းအကြိမ် ၂၅၀ ခန့်နှင့်အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို အကြိမ် ၃၀၀ ကျော်ခရီးသွားလာခွင့်ပြုခဲ့သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၏ အစီရင်ခံစာအချို့နှင့် သတင်းထုတ်ပြန်ချက်အချို့တွင် အလေးပေးထားသည့်သွားလာခွင့် ငြင်းပယ်ခံရကြောင်းဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း အတိအလင်းဖော်ပြလိုသည်။

ထို့ပြင် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဘက်မှအဆင့်မြင့်အရာရှိကြီးများ၏ အဆိုပြုခရီးစဉ်များကို ညှိနှိုင်းပေးခဲ့သည်။ လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ Under-Secretary-General နှင့်ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဌာန၏ Under-Secretary-General တို့၏ခရီးစဉ်များအပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်စုစုပေါင်း ၁၉ ခုကို ညှိနှိုင်းပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြည့်အဝကတိကဝတ်ပြုဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင်ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်သေးခြင်းမှာ ရခိုင်ပြည်နယ်၏လက်ရှိလုံခြုံရေးအခြေအနေများကြောင့်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့်ဆွေးနွေးမှုများ၊ဆုံးဖြတ်ချက်အဆိုများနှင့်လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲအပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပေါ်ရေးကို အထောက်အကူမပြုရုံသာမက ကုလသမဂ္ဂ၏အခြေခံမူများဖြစ်သည့် သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မဆောင်ရွက်မှုတို့နှင့် ဆန့်ကျင်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကိုအစဉ်တစိုက်ဆန့်ကျင်သည်။ သို့ဖြစ်ရာ ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့်ဆွေးနွေးမှုများအတွင်း မှတ်တမ်းတင်ရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကိုအသိအမှတ်ပြုကျေးဇူးတင်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခင်ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဂျူလီဘစ်ရှော့ပ်ကို ၎င်း၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ကြောင်း ၂၀၂၄ ခုနှစ် ဧပြီ ၅ရက်တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်ခန့်အပ်နိုင်ရေးလုပ်ပိုင်ခွင့်ပါဝင်သော ဆုံးဖြတ်ချက်အဆိုအပါအဝင် နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူပစ်မှတ်ထားသည့် ဆုံးဖြတ်ချက်အဆိုများကိုလက်မခံဘဲပယ်ချသော်လည်း ကုလသမဂ္ဂနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုကိုပြသသည့်အနေဖြင့် ယခင်အထူးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ယခုမစ္စဂျူလီဘစ်ရှော့ပ်ကို အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂဘက်က မြန်မာအစိုးရအား တရားဝင်အသိပေးအကြောင်းကြားမှုမရှိခဲ့ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ်ဖိအားပေးမှုများသည် အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်မဟုတ်ကြောင်း၊အချင်းချင်းနားလည်မှု၊လေးစားမှုနှင့်အပြန်အလှန်ထိတွေ့ဆောင်ရွက်မှုတို့မှတစ်ဆင့်သာလက်တွေ့ကျ၍ အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုဖြစ်မည်ဖြစ်ကြောင်း အလေးထားဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၄ ခုနှစ် မေ ၈ ရက်**

---

□ **ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများမှ**

TMT ဆိပ်ကမ်းမှ MV.TAY SON-4 သင်္ဘောဖြင့်ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-2)MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL-20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် MITT-1 ဆိပ်ကမ်းမှ MV. MAERSU DAVAO သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊နှမ်း၊ပြောင်း၊ရော်ဘာနှင့်အထွေထွေကုန်များကို ကုန်သေတ္တာ ၆၂၁ လုံးဖြင့် မလေးရှားနိုင်ငံသို့လည်းကောင်း၊ AWPT ဆိပ်ကမ်းမှ MV.SITC CHENMING သင်္ဘောသည် ယနေ့တွင်ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီး အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်းနှင့် ရော်ဘာများကို ကုန်သေတ္တာ ၅၃၃ လုံးဖြင့် ဗီယက်နမ်နိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ မေ ၉ ရက်တွင် MHM ဆိပ်ကမ်းမှ MV.MCL- 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL-7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မေ ၁၀ ရက်တွင် AIPT-3 ဆိပ်ကမ်းမှ MV. RAINBOW SYMPHONY သင်္ဘောဖြင့်ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် မေ ၇ ရက်ကလည်း SPW-3 ဆိပ်ကမ်းမှ MT. TURAN C သင်္ဘောဖြင့် ဆန်တန်ချိန် ၁၂၀၀၀ကို စပိန်နှင့် ကင်မရွန်းနိုင်ငံများသို့တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၁၀-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲပြည်သူတို့ရဲ့ သင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

**ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် မေ ၁၃ ရက်(စနေနေ့)မှ မေ ၁၈ ရက်(ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။**

# မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့် လူစွမ်းအားအရင်းအမြစ်တိုးတက်လာရေးအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှား-မြန်မာစီးပွားရေး ကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကပြဋ္ဌာန်းလိုက်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေနှင့်အညီ ကဏ္ဍအလိုက်၊ ဒေသအလိုက် စီမံကိန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်ပွဲအခမ်းအနားဖြစ်ပါကြောင်း၊ ပြည်သူများ၏အခြေခံစားဝတ်နေရေးကိုဖြည့်ဆည်းပေးနိုင်မည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို တိုက်ရိုက်အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးခွင့်ပြုပေးခဲ့ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သည့် ဒေသန္တရစီမံကိန်းများဖြစ်ရန် အရေးကြီးပြီး သဘာဝအရင်းအမြစ်များ၊ ဘဏ္ဍာအရင်းအမြစ်များကို မှန်ကန်စွာစီမံခန့်ခွဲအသုံးချရန် အလွန်အရေးကြီးပါကြောင်း၊ ကဏ္ဍစီမံကိန်းများ၊ ဒေသန္တရစီမံကိန်းများသည် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့်စီမံကိန်းများဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မေခရိုစီးပွားရေးဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေအရဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းစုစုပေါင်း ၂၀၀၉ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ပြဋ္ဌာန်းခဲ့သည့်စီမံကိန်းဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်မှုနှုန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။




ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးဦးသိန်းဌေးက၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံသို့ တာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇိုးမင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကိုအနောက်တောင်တိုင်း စစ်ဌာနချုပ် ရောဝတီခန်းမ၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးများက အမှာစကားများ အသီးသီးပြောကြားကြပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ခုနစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ





မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ခုနစ်ဦးကို လိုင်စင်မဲ့မော်တော်ယာဉ်၊ ပစ္စတိုသေနတ်တစ်လက်၊ သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၈**


၂၀၂၄ ခုနှစ် မတ် ၂၈ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ "လင်းလက်ဝါ"ရွှေပန်းထိမ်ဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပုံသဏ္ဌာန် အသွင်ယူဝတ်ဆင်ထားသည့် အမျိုးသားလေးဦးသည် အဖြူရောင်မော်တော်ယာဉ်တစ်စီးနှင့်အတူ ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဧည့်စာရင်းစစ်ရန်နှင့် လူများစစ်ဆေးရန်ရှိကြောင်း ပြောဆို၍ အိမ်ရှင်များကို တွန်းထိုးရိုက်နှက်ပြီး နေအိမ်အပေါ်ထပ်ရှိ အခန်းများအား လိုက်လံပြသခိုင်းကာ နေအိမ်တတိယထပ်ရှိ ရွှေထည်ပစ္စည်းများထားသည့် မီးခံသေတ္တာအားဖွင့်ခိုင်း၍ အဆိုပါမီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် နှစ်ပိဿာခွဲခန့် ကာလတန်ဖိုးငွေကျပ်သိန်းတစ်သောင်းကျော်ခန့်ကို လုယက်ယူဆောင်သွားခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်းတွင်ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ ခေတ်မီနည်းပညာအကူအညီများရယူအသုံးပြုခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်စွာနေထိုင်လိုသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သည့် တရားခံလေးဦးတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် အောင်သုခရပ်ကွက်နေ မြတ်သူအောင် ၂၄ နှစ် (ဘ)ဦးအောင်ဌေးအား မေ ၇ ရက် ည ၁၂ နာရီခွဲတွင် ၎င်း၏နေအိမ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံမြတ်သူအောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ စိုးမိုးဦး ၂၄ နှစ် (ဘ)ဦးမြင့်လင်း၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို မေ ၈ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တစ်ရွာတည်းနေ ညီထူးအောင်(ခ)ညီညီ ၂၃နှစ် (ဘ)ဦးအောင်ကျော်၊ ကျပန်းလုပ်ကိုင်သူကို နံနက် ၂ နာရီတွင်လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကံကွဲကျေးရွာနေ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့ ၂၅ နှစ် (ဘ)ဦးအောင်ငွေ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ၎င်းတို့၏နေအိမ်အသီးသီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ "လင်းလက်ဝါ"ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန် သတင်းပေးခဲ့သူ အောင်မြေသာစံမြို့နယ် ဌာနေအရှေ့ရပ်ကွက် အကွက်(၂၁) ဘုရားငါးဆူဝင်းနေ ကိုကိုနိုင်(ခ)ကိုနိုင် ၄၂ နှစ် (ဘ)ဦးအောင်ခင် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ လုယက်၊ ဓားပြတိုက်ရာမှ ရရှိလာသည့် ရွှေထည်ပစ္စည်းများကို ကော်ခွာခြင်း၊ ရွှေအရည်ကျိုခြင်းများ ကူညီလုပ်ကိုင်ပေးသူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ မင်းမင်းစိုး(ခ)တုတ်ကြီး၂၃နှစ်(ဘ)ဦးကြည်သန်း လက်သမားလုပ်ကိုင်သူကို နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန်အတွက် ကိုကိုနိုင်(ခ)ကိုနိုင်အား မြတ်သူအောင်နှင့် ချိတ်ဆက်တွေ့ဆုံပေးပြီး လုယက်၊ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် သေနတ်ဝယ်ယူပေးသူ ချမ်းမြသာစည်မြို့နယ် ထွန်းတိုးရပ်ကွက်နေ ထက်လှိုင်(ခ)ကိုလှိုင်ကြီး ကားအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ၎င်းတို့၏ နေအိမ်အသီးသီး၌ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အမှုမှတရားခံ မြတ်သူအောင်၊ စိုးမိုးဦး၊ ညီထူးအောင်(ခ)ညီညီ၊ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့၊ မင်းမင်းစိုး(ခ)တုတ်ကြီး၊ ကိုကိုနိုင်(ခ)ကိုနိုင်နှင့် ထက်လှိုင်(ခ)ကိုလှိုင်ကြီးတို့ ခုနစ်ဦးကို ပြစ်မှုဖြစ်ပွားပြီး ၁၂ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ ပါဆုံးသက်သေခံရွှေထည်ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Mark II 99 အဖြူရောင်မော်တော်ယာဉ်တစ်စီး၊ ပစ္စတိုသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




# ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ လမ်းသွားလမ်းလာ ပြည်သူများကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့တွင် မေ ၇ ရက်က လမ်းသွားလမ်းလာပြည်သူ ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် အရှေ့ချောင်းဝကျေးရွာမှ နွားကျောင်းသားသုံးဦး၊ လမ်းသွားလမ်းလာ ပြည်သူနှစ်ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်လှုပ်ရှားမှု မရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ လှည့်ကင်းပတ်ကင်း ဆောင်ရွက်ခြင်းများသာ လုပ်ဆောင်လျက်ရှိပြီး လမ်းသွားလမ်းလာ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းမှားများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးဆုံးရှုံး



**ဝါရှင်တန် ဧပြီ ၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပန်ဟန်ဒယ်နယ်မြေတွင် တောမီးလောင်ကျွမ်းရာမှ နေအိမ်များသို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဖလော်ရီဒါပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးသည် ပန်ဆာကိုလာနယ်မြေထိ ကူးစက်လောင်ကျွမ်းနေပြီး သစ်တောမြေဧက ၅၀ ကျော် မီးလောင်ကျွမ်း ပျက်စီးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်စဉ်နှင့်ပတ်သက်၍ အကြောင်းရင်းကို စုံစမ်းနေကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့တယ်။ အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးခဲ့တယ်။ အခြေခံအဆောက်အအုံနဲ့နေအိမ်စုစုပေါင်း ၁၅ လုံးထိ တောမီးကူးစက်လောင်ကျွမ်းခဲ့တယ်။ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့တယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုတော့ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဓာတ်တိုင်တချို့ မီးကူးစက်ခဲ့တဲ့အတွက် လျှပ်စစ်မီးယာယီဖြတ်တောက်ထားတယ်"ဟု ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်စမစ်က ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားပြီး အခြေအနေတည်ငြိမ်သွားမှသာ နေရပ်သို့ ပြန်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရေခဲသေတ္တာတွင်အသုံးပြုသည့်ဓာတ်ငွေ့များ ဥရောပတိုက်အတွင်း တင်သွင်းလာမှုနှုန်းမြင့်မားနေ

**လန်ဒန် ဧပြီ ၈**

ရေခဲသေတ္တာတွင် အသုံးပြုသည့် ဓာတ်ငွေ့များ ဥရောပတိုက်အတွင်းသို့ တင်သွင်းလာမှုနှုန်း အဆမတန်မြင့်မားနေကြောင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအေဂျင်စီ(EIA)က စစ်တမ်းများနှင့်တကွ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါဓာတ်ငွေ့များကို တူကီယဲနိုင်ငံမှ တရားမဝင်အများဆုံးတင်သွင်းလာခြင်းဖြစ်ကြောင်း၊ အဆိုပါဓာတ်ငွေ့များသည် ဟိုက်ဒရိုဖလိုရိုကာဗွန်ကိုအခြေခံထားသည့် ဓာတ်ငွေ့ဖြစ်ပြီး စက်မှုဇုန်များ၌ အအေးဓာတ်ဖြန့်ဝေရေးအတွက် အဓိကအသုံးပြုလျက်ရှိကြောင်း၊ ၎င်းဓာတ်ငွေ့သည် အိုဇုန်းလွှာကို တိုက်ရိုက်ထိခိုက်စေသော ဓာတ်ငွေ့အမျိုးအစားမဟုတ်သော်လည်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ အမျိုးအစားဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ကာဗွန်ဓာတ်ငွေ့ထက်ပင် အဆပေါင်းများစွာထိခိုက်စေနိုင်သည့်ဓာတ်ငွေ့ဖြစ်ကြောင်း EIA က ထုတ်ပြန်ခဲ့သည်။

"ဥရောပဈေးကွက်အတွင်းမှာ တရားမဝင် ဟိုက်ဒရိုဖလိုရိုကာဗွန် တင်သွင်းမှုတွေ တော်တော်များနေတယ်။ တရားမဝင်တင်သွင်းလာတာဖြစ်သလို အလွယ်တကူဝယ်ယူနိုင်တဲ့အခြေအနေဖြစ်တယ်။ ဥရောပတိုက်အတွင်း တရားမဝင်တင်သွင်းလာတဲ့ ဟိုက်ဒရိုဖလိုရိုကာဗွန်ကို သက်ဆိုင်ရာ နိုင်ငံအလိုက် ထိန်းချုပ်နိုင်ဖို့ လိုအပ်ပါတယ်။ တရားမဝင် ဟိုက်ဒရိုဖလိုရိုကာဗွန် တင်သွင်းမှုကို ထိန်းချုပ်နိုင်ရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်တွေကို အထောက်အပံ့ဖြစ်စေပါလိမ့်မယ်"ဟု EIA မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။



ဟိုက်ဒရိုဖလိုရိုကာဗွန် ထုတ်လွှတ်အသုံးပြုမှုကို လျှော့ချပေးရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ထားသော်လည်း ဥရောပဈေးကွက်အတွင်း တရားမဝင်တင်သွင်းလာသည့်လမ်းကြောင်းမြင့်မားနေသဖြင့် ဥရောပတိုက်ရှိ နိုင်ငံအသီးသီးက အဆိုပါ တရားမဝင်ဈေးကွက်ကို ထိန်းချုပ်နိုင်ရန် လိုအပ်ကြောင်းလည်း EIA က သတိပေးခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ရုရှားနိုင်ငံ အိုရင်ဘတ်နယ်မြေတွင် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**မော်စကို ဧပြီ ၈**

ရုရှားနိုင်ငံ အိုရင်ဘတ်နယ်မြေတွင် ရေဘေးအန္တရာယ်ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၄၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်အတွက် ရေဘေးအန္တရာယ်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ရုရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယူရယ်မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ပြီး အရေးပေါ်အခြေအနေ သတ်မှတ်ကာ ကယ်ဆယ်ရေးဝန်ထမ်း အင်အားအမြောက်အမြားကို စေလွှတ်ပေးထားကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုတန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၄၄၀ ခန့်ထိ ရှိခဲ့ကြောင်း ရုရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အိုရင်ဘတ်နယ်မြေမှာ ရေဘေးအန္တရာယ်တွေက အခြေအနေတော်တော်လေး ဆိုးရွားပါတယ်။ အထူးသဖြင့် အော့စ်မြို့မှာဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုအခြေအနေက ပိုပြီးတော့ ဆိုးရွားပါတယ်။ ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်တဲ့အတွက် ဖက်ဒရယ်အစိုးရက နေပြီး ရေဘေးသင့်ပြည်သူတွေကို ကူညီပေးသွားမှာဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူကလဲ အယောက် ၄၀၀၀ ကျော်နေပြီဖြစ်ပါတယ်"ဟု အော့စ်မြို့သို့ ရောက်ရှိနေသည့် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်း ကူရန်နော့ဗ်က ပြောကြားခဲ့သည်။

အိုရင်ဘတ်နယ်မြေ၌ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့်မြို့မှာ အော့စ်မြို့ဖြစ်ပြီး အော့စ်မြို့သည် ရေကာတာပြိုကျမှုကြောင့် ရေဘေးအန္တရာယ်အခြေအနေ ပိုမိုဆိုးရွားခဲ့ရကာ ပျက်စီးဆုံးရှုံးမှု မြင့်မားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



# လောဘ၏သားကောင်

မေမြူးသွယ်(တွံတေးမြေ)



(၁)

ညလုံးပေါက် ကစားဝိုင်းတွင်ရှိခဲ့သော မိစိန်သည် လက်ထဲပိုက်ထားသည့် ငွေထုပ်နှင့်အတူ ရွာလမ်းအတိုင်း လမ်းလျှောက်လာခဲ့သည်။ ထိုအချိန်တွင် နံနက်အစောပိုင်း ပဲပြုတ်ရောင်းထွက်နေကျ မမြကြည်နှင့် လမ်းမှာဆုံကြ၏။

"ဟဲ့ မိစိန် နင် ဦးသာဟန်ရဲ့ဖဲဝိုင်းမှာ ဖဲကစားရင်း နိုင်ခဲ့တယ်ဆို"

"ဟုတ်ပ့ါ မမြကြည်ရေ။ ကျုပ် ဒီမနက် ငွေထုပ်ပိုက် ပြန်ခဲ့ရတယ်လေ"

ရယ်သံလွင့်လွင့်ဖြင့် ကွမ်းဝါးရင်း ပြောနေသော မိစိန်သည် လက်ထဲတွင်လည်း ငွေထုပ်ပိုက်လျက်ဖြစ်သည်။ မမြကြည်သည် မိစိန်ကို သက်ပြင်းချကာကြည့်ပြီး-

"လောင်းကစားလုပ်တာလဲ လုပ်တာပေ့ါ မိစိန်ရယ်။ လောင်းကစားနဲ့ စီးပွားမဖြစ်ဘူး ဆိုတာလဲ သတိရအုံး။ ကျုပ်ပြောချင်တာက လောဘရဲ့သားကောင်တော့ မဖြစ်စေနဲ့ပေ့ါအေ"

မမြကြည်၏ စကားကြောင့် မိစိန်တစ်ယောက် နှုတ်ခမ်းကို မဲ့လိုက်ပြီး-

"ဒီလို ငွေထုပ်မျိုး ရှင်တောင် ကိုင်ဖူးလို့လား မမြကြည်ရယ်။ မကိုင်ဖူးဘဲနဲ့ မနာလိုစိတ်ဖြစ်ပြီး ကျုပ်ကို ဒီစကားတွေ လာမပြောစမ်းပါနဲ့တော်"

"ဩော်. . . ခက်လိုက်တာ မိစိန်ရယ်"

စကားအဆုံးတွင် လှည့်ထွက်သွားသော မိစိန်ကြောင့် မမြကြည် သက်ပြင်းရှည်ကြီးတစ်ခုကို လေးတွဲစွာချပြီး ဦးခေါင်းကိုသာ ခါယမ်းလိုက်လေသည်။ မိစိန်သည် မမြကြည်၏ စေတနာဖြင့် သတိပေးစကားကို နားမဝင်ပေ။ သူ့ကို မနာလို၍ ပြောသည်ဟုသာ ထင်နေမိသည်။

(၂)

"မိစိန် ငါ့ကို အရက်ဖိုး ပေးအုံး"

မိစိန် အိမ်ပြန်ရောက်သည်နှင့် နေ့စဉ် ကြားနေရသောစကားဖြစ်သည်။ ခင်ပွန်းဖြစ်သူ တောက်ထိန်သည် နေ့စဉ်အရက်နှင့် မျက်နှာသစ်လေ့ရှိသူဖြစ်သည်။ မိစိန်သည် ငွေကျပ် သုံးသိန်းမျှ ထုပ်ပိုးထားသော ငွေထုပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး-

"နင်လဲလေ ငါပြန်လာတာနဲ့ အရက်ဖိုးတောင်းဖို့ပဲ သိတယ်။ အဲဒီအရက်ပဲ သောက်မနေနဲ့အုံး။ ငါ့ကိုလဲ နည်းနည်းပါးပါး အလုပ်လေးဘာလေး ဝိုင်းလုပ်ကူပါအုံးဟဲ့"

"ဟဲ ဟဲ မိန်းမကလဲကွာ။ မိန်းမရှိရင် ငွေရှိတယ်လေကွာ"

တောက်ထိန်တစ်ယောက် မိန်းမဖြစ်သူကို မျက်နှာချိုသွေးလေပြီ။ မိစိန်တစ်ယောက် မျက်နှာကို မဲ့ရွဲ့လိုက်ပြီး ငွေထုပ်ထဲက ငွေစက္ကူအနည်းငယ်ကို ထုပ်ယူလိုက်သည်။

"ရော့ ဒီမှာ ငွေ တစ်သောင်း။ နင် သောက်ချင်သလောက် သောက်ပြီး ပြန်လာခဲ့"

"ကျေးဇူးတင်လိုက်တာ မိန်းမရာ။ ငါ အရက်သွားသောက်လိုက်အုံးမယ်နော်"

ငွေရသည်နှင့် မှိုရသွားသည့်မျက်နှာမျိုး ဖြစ်သွားသော တောက်ထိန်သည် အရက်ဆိုင်သို့ ပြေးလေသည်။ မိစိန်တစ်ယောက် အရက်ဆိုင်သို့ ပြေးသော တောက်ထိန်ကို ကြည့်ကာ ပြုံးလိုက်မိသည်။

(၃)

အချိန်ကြာလာသည်နှင့် မိစိန်တစ်ယောက် သူနေထိုင်သည့်ရွာ၌သာမက အနီးပတ်ဝန်းကျင်ရွာများသို့ပင် လောင်းကစားရှိသည့်ရက်များတွင် သွားရောက်ကစားလေ့ရှိလာခဲ့သည်။

"မိစိန် ညည်းကို အမေ မပြောချင်လို့ ကြည့်နေတာ။ ညည်းကိုယ်ညည်း မိန်းကလေးဆိုတာလဲ သတိထားအုံး။ ရွာတကာပတ်ပြီး ဖဲရိုက်နေရအောင် ညည်းရဲ့ ကုသိုလ်ကံက အမြဲကောင်းနေမှာ မဟုတ်ဘူးနော်"

မိခင်ဖြစ်သူ ဒေါ်အုန်းစိန်ပြောလာသည့် စကားဖြစ်သည်။ မိစိန်တစ်ယောက် ချိန်းပွဲသွားခါနီး မိခင်ဖြစ်သူ၏ ဆူပူသံကြောင့် စိတ်ရှုပ်သွားရ၏။

"အမေရာ သွားခါနီး လာခါနီးမှ လာဘ်တိတ်အောင်လုပ်နေတယ်။ မိစိန်တို့က ဘာမှမဖြစ်ဘူး။ မိစိန်တို့က အမြဲနိုင်နေမှာ။ မယုံရင် အမေစောင့်ကြည့်နေ"

မိစိန်သည် မိခင်၏ စကားကို ပြန်လည်ချေပပြီး အိမ်မှထွက်လာခဲ့သည်။ မိခင်ဖြစ်သူမှာတော့ အိမ်မှ ထွက်ခွာသွားသော သမီးကို ကြည့်၍သာ အကြိမ်ကြိမ် ခေါင်းခါယမ်းနေမိသည်။

(၄)

"အမေ့သမီး ပြန်မလာသေးဘူးလား"

တောက်ထိန်တစ်ယောက် ကြက်ဝိုင်းမှပြန်လာပြီး အရက်ဖိုးလိုအပ်နေသဖြင့် ဇနီးဖြစ်သူကို မေးလိုက်ခြင်းဖြစ်သည်။ ဒေါ်အုန်းစိန်သည် သမီးဖြစ်သူကို မေးနေသော သမက်ဖြစ်သူကို မကျေမနပ်ကြည့်ပြီး ပြောင်းဖူးဆေးလိပ်ကြီးကို အားရပါးရ ဖွာရှိုက်နေ၏။

"ပြန်မလာသေးဘူးဟေ့။ ဖဲဝိုင်းသွားတယ်"

"အမေ့သမီး ကျုပ်အတွက် ပိုက်ဆံပေးခဲ့သေးလား"

တောက်ထိန်၏ "ပိုက်ဆံပေးခဲ့သေးလား"ဆိုသည့် အမေးကြောင့် ဒေါ်အုန်းစိန် မျက်နှာကို မဲ့လိုက်ပြီး-

"တောက်ထိန် နင့်မှာလဲ မိန်းမဆီ လက်ဖြန့်တောင်းဖို့ပဲ တတ်တယ်။ နင့်မယား မဟုတ်တာလုပ်နေတာကို ရအောင်တားပြီး သမာအာဇီဝကျတဲ့အလုပ်နဲ့ နင့်မိန်းမကို ရှာကျွေးပါအုံးလား တောက်ထိန်ရယ်"

တောက်ထိန်တစ်ယောက် ယောက္ခမဖြစ်သူ၏ စကားအသွားအလာကို နားထောင်ပြီး ဘာပြန်ပြောသင့်လဲဟု တွေးကာ စကားလုံးများကို အပြေးအလွှား ပြင်ဆင်နေ၏။ ထို့နောက် ယောက္ခမဖြစ်သူကို ပြန်ပြောလိုက်သည့်စကားက-

"မိန်းမရှိရင် ငွေရှိတယ်လေ အမေရဲ့။ ကျုပ်မိန်းမ ဒီလောက်ငွေတွေအများကြီး ရှာနေနိုင်တာ ကျုပ်က ဘာအလုပ်လုပ်ရအုံးမှာလဲ။ ကျုပ် မလုပ်လဲ စားနေသောက်နေရတာပဲ မဟုတ်လား"

ဒေါ်အုန်းစိန်တစ်ယောက် သမက်ဖြစ်သူ၏ စကားကြောင့် ဒေါသစိတ်တို့ဖြစ်ပေါ်လာခဲ့၏။ သို့သော် ထိုဒေါသစိတ်ကို အသိတရားဖြင့် ပြန်လည်ထိန်းချုပ်ရင်း-

"အေး သိပ်ကောင်းတာပဲ။ ငါ့လို အဘွားကြီးရဲ့ စကားကို ဘယ်သူမှ အရေးတယူမရှိကြဘူး။ အန္တရာယ်ဖြစ်လာရင်တော့ ကိုယ်ဖြစ်ကိုယ်ခံကြ။ အဲဒီအခါမှ အဖေ ကယ်ပါ၊ အမေကယ်ပါ လာမလုပ်ကြနဲ့။ ငါက ဒီအတိုင်းထိုင်ကြည့်နေလိုက်မယ်"

တောက်ထိန်တစ်ယောက် ယောက္ခမဖြစ်သူ၏ ဆူပူနေသောစကားသံတို့ကို နားမထောင်ချင်တော့သဖြင့် အိမ်အပြင်သို့သာ ပြန်လှည့်ထွက်ခဲ့လိုက်သည်။ အရက်သောက်ချင်သော်လည်း ဇနီးဖြစ်သူက ပိုက်ဆံပေးခဲ့လား၊ မပေးခဲ့လား သူမသိပေ။ သူ သိခဲ့ရသည်က ယောက္ခမဖြစ်သူ၏ ဆူပူမာန်မဲမှုသာဖြစ်သည်။

(၅)

တစ်ညလုံး ဖဲဝိုင်းမှ ပြန်မရောက်လာသည့် သမီးဖြစ်သူကို ဒေါ်အုန်းစိန် မျှော်နေမိသည်။ သို့သော် မိုးသာလင်းသွားသည်။ မိစိန် အိမ်သို့ ပြန်ရောက်လာခြင်းမရှိခဲ့ပေ။ မိစိန် ပြန်ရောက်လာခြင်းမရှိခဲ့သော်လည်း မိစိန်၏သတင်းသည် ဒေါ်အုန်းစိန်ထံသို့ ရောက်လာခဲ့သည်။

"ကြီးကြီးအုန်းစိန် ကြီးကြီးအုန်းစိန် ရှိလား"

အိမ်ရှေ့မှ ခေါ်သံကြောင့် ဒေါ်အုန်းစိန်တစ်ယောက် ဘုရားဝတ်ပြုနေရာမှ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ကို ရောက်သည့်အခါ ရွာလူကြီးနှင့် ကာလသားခေါင်းဆောင်ကို တွေ့လိုက်ရ၏။

"ရွာလူကြီး ဦးဘစီပါလား။ ထိုင်အုံးလေ။ ကျွန်မ အကြမ်းရည်လေး စီစဉ်လိုက်ပါအုံးမယ်"

"ကျွန်တော်တို့ ထိုင်ဖို့လာတာ မဟုတ်ပါဘူး ကြီးကြီး။ သတင်းပေးဖို့ လာတာပါ"

"ဘယ်လို"

ကာလသားခေါင်းဆောင် ကိုတင့်လွင်၏ စကားကြောင့် ဒေါ်အုန်းစိန် အံ့ဩသွားရ၏။ ကိုတင့်လွင်နှင့် ရွာလူကြီး ဦးဘစီတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်ပြင်းကို ကိုယ်စီချလိုက်ကြပြီး-

"ကိစ္စက ဒီလိုပါ အစ်မအုန်းစိန်။ မနေ့က မိစိန်တို့ ဖဲဝိုင်းမှာ ရန်ဖြစ်ကြတယ်။ ရန်ဖြစ်ကြတာက ပုံမှန်ရန်ဖြစ်ပွဲ မဟုတ်ခဲ့ဘူး။ လူသတ်မှုပါဖြစ်သွားခဲ့တယ်"

"ဘုရား ဘုရား"

ဒေါ်အုန်းစိန်တစ်ယောက် ရင်ဘတ်ကို ဖိကာ ဘုရားတလိုက်မိသည်။ ဘုရားတခြင်းနှင့်အတူ သမီးဖြစ်သူကိုလည်း စိုးရိမ်သွားရသည်။

"မိစိန်၊ မိစိန် ဘာဖြစ်သွားလဲဟင်"

"ပြောရမှာ စိတ်မကောင်းပါဘူး။ မိစိန်က ဟိုဘက်ရွာက ဦးအုန်းကြိုင်ရဲ့သား မြဒင်ကို သတ်လိုက်တဲ့အမှုနဲ့ မြို့နယ်ရဲစခန်းမှာ ရောက်နေပါတယ်"

"ဘယ်လို ဘယ်လို မိစိန်ကလူသတ်လိုက်တာလား"

မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်း၊ တုန်လှုပ်ခြင်းတို့ဖြင့် ဒေါ်အုန်းစိန် မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ ဦးဘစီသည် စိတ်မကောင်းခြင်းများစွာဖြင့် ဒေါ်အုန်းစိန်ကို ခေါင်းညိတ်ပြလိုက်သည်။

(၆)

သံတိုင်များကြားကို မိစိန်မရောက်ချင်ခဲ့ပေ။ သို့သော် မိစိန်၏ လောဘတို့သည် မိစိန်ကို သံတိုင်များကြားထဲသို့ အရောက်ပို့ခဲ့ပြီ ဖြစ်သည်။ မိစိန်သည် ရွာများစွာပတ်၍ လောင်းကစားလုပ်ခဲ့သည်။ အစပိုင်းတွင် ဝါသနာအရ လောင်းကစား လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပိုက်ဆံလွယ်လွယ်ရလာသဖြင့် လောင်းကစားလုပ်ရသည်ကို ပို၍ ခုံမင်လာခဲ့သည်။ ထို့ကြောင့်ပင် အနီးအနားရှိ ရွာများသို့လည်း သွားရောက်၍ ကစားခဲ့သည်။ ထိုနေ့က သွားရောက်ကစားသည့်ရွာတွင် မိစိန်သည် အရှုံးကြီး ရှုံးခဲ့သည်။ ထိုသို့ ရှုံးနေစဉ်တွင် တစ်ဖက်အနိုင်ရနေသူသည် ဖဲကို လိမ်ညာ၍ ရိုက်နေသည်ကို သိရှိသွားခဲ့သည်။ ထိုသို့ သိရှိသွားချိန်တွင် မိစိန်သည် သည်းခံနိုင်သည့် စိတ်လုံးဝမရှိတော့ဘဲ ထိုလူနှင့် အကြီးအကျယ် စကားများရန်ဖြစ်ခဲ့သည်။ စကားများရာမှ လက်လွန်သွားကာ လူသတ်မိသည်ထိ ဖြစ်သွားခဲ့သည်။ ထိုလူသတ်မှုနှင့်ပင် မိစိန်သည် ထောင်ထဲရောက်လာခဲ့ခြင်းဖြစ်သည်။

(၇)

"မိစိန်"

တုန်ယင်ကွဲအက်နေသော အသံရှင်၏ ခေါ်သံကြောင့် မိစိန် ကြည့်လိုက်မိရာ သူ့ကို ပိတ်လှောင်ထားသည့် သံတိုင်များ၏ အပြင်တွင် ရပ်နေသူသည် သူ၏ ချစ်လှစွာသော မိခင်ဖြစ်သည်။

"အမေ"

မိစိန်သည် တစ်ယောက်တည်း စိတ်ဓာတ်ကျအားငယ်နေစဉ် မိခင်ဖြစ်သူကို တွေ့လိုက်ရသဖြင့် အားအင်များ ပြည့်ဖြိုးလာသကဲ့သို့ ခံစားလာရသည်။ ထို့နောက် မိခင်ရှိရာ ပြေးလာခဲ့ပြီး မိခင်၏ လက်ကို သံတိုင်များပေါ်မှ အုပ်မိုးဆုပ်ကိုင်လိုက်မိသည်။ မိခင်ကြီးသည် သူ့ထောင်ထဲရောက်ပြီး ၁၀ရက် အကြာတွင် သူ့ထံရောက်လာခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၅သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ပဲတီစိမ်း ၁၈၀၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၁၁၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်အတွင်း ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ စိုက်ဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှု အနေဖြင့် မုံရွာမြို့နယ်တွင် ၅၅၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၄၅ ဧက၊ အရာတော်မြို့နယ်တွင် ၁၆၈၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၈၇၅၀ စုစုပေါင်း ၁၁၀၂၉ ဧကဖြစ်ကြောင်း၊ မုံရွာခရိုင်တွင် ပဲတီစိမ်း စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၀၀၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀၂ဧက၊ အရာတော်မြို့နယ်တွင် ဧက ၄၀၀၀၊ ချောင်းဦးမြို့နယ်တွင် ၁၂၉၁၄ ဧက စုစုပေါင်း ၁၈၀၃၁ ဧက ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သရက်အုပ်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မွန်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ အရှည် ပေ ၈၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဘုရားကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၉ သိန်း စုစုပေါင်းငွေကျပ် ၁၉၉ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်၂၀၂၃ ခုနှစ်စက်တင်ဘာ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မွန်က ပြောပြ၍ သိရသည်။

**ခင်မာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ဒေါ်အုန်းစိန်သည် သမီးဖြစ်သူကို သံတိုင်များကြား၌ တွေ့လိုက်ရချိန်တွင် နှလုံးအိမ်တို့ ကွဲအက်သကဲ့သို့ ခံစားကာ စိတ်ထိခိုက်ရသည်။

"အမေ၊ အမေ သမီးဆီ လာတယ်နော်"

မိစိန်၏ အသံတို့သည်လည်း ကွဲအက်တုန်ယင်နေ၏။ ဒေါ်အုန်းစိန်သည် သမီးဖြစ်သူကို စိတ်နှလုံး မချမ်းမမြေ့စွာငေးကြည့်ရင်း-

"မိစိန် အမိုက်မကြီး။ အမေ့ကို ဒီလိုနည်းနဲ့ ကျေးဇူးဆပ်လိုက်တယ်ပေါ့ ဟုတ်လား မိစိန်ရယ်။ အမေ ရင်တွေနာရတယ်အေ"

မျက်ရည်များစွာဖြင့် အမေ့ကို မြင်ရသည့်အခါ မိစိန်အတွက် နောင်တဆိုသည့်အရာတို့သည် မဖိတ်ခေါ်ဘဲ ရောက်လာခဲ့သည်။

"သမီး တောင်းပန်ပါတယ် အမေ။ မိစိန်လေ အမှန်တကယ်ဆို အမေ့စကားကို နားထောင်ခဲ့သင့်တာပါ။ မိစိန် လောဘတွေကြီးပြီး မဖြစ်သင့်တာတွေ ဖြစ်ခဲ့တာပါ အမေရယ်"

မိစိန်သည် သူ၏ လောဘစိတ်ကြောင့် မဖြစ်သင့်သည်များ ဖြစ်ခဲ့သည်ကို နောင်တရ၍မဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် မိခင်ကြီးကိုလည်း အကြိမ်ကြိမ် တောင်းပန်နေခဲ့သည်။ ထိုသို့ တောင်းပန်ခြင်းနှင့်အတူ သတိရမိသူက ခင်ပွန်းဖြစ်သူ တောက်ထိန် ဖြစ်သည်။ သူ မရှိလျှင် ခင်ပွန်းဖြစ်သူသည် ရပ်တည်နိုင်စွမ်းမဲ့သွားမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် အားကိုးရာမဲ့သွားသော ခင်ပွန်းဖြစ်သူအတွက် စိုးရိမ်ပူပန်မှုများဖြင့် မိစိန် မေးခွန်းထုတ်လိုက်မိသည်။

"ကိုတောက်ထိန်၊ ကိုတောက်ထိန်ကော အဆင်ပြေရဲ့လား အမေ"

တောက်ထိန်ကို မေးလိုက်သည့်အခါ ဒေါ်အုန်းစိန်၏ မျက်နှာသည် ဟန်ပင်မဆောင်နိုင်အောင် ပျက်ယွင်းသွားခဲ့သည်။

"မိစိန်"

ဒေါ်အုန်းစိန်သည် သမီးဖြစ်သူကို သနားကရုဏာဖြစ်စွာကြည့်လိုက်ပြီး

"တောက်ထိန်၊ တောက်ထိန် လုပ်ရက်တယ်အေ။ တောက်ထိန်က ညည်းရှာထားတဲ့ ငွေတွေကို ယူပြီး နောက်မိန်းမယူသွားပြီမိစိန်ရဲ့"

"ဟင်"

မိစိန်တစ်ယောက် အံ့သြမှင်တက်သွားရသည်။ သူချစ်မြတ်နိုး၍ ပေါင်းသင်းခဲ့သည့်ယောကျ်ားသည် သူဒုက္ခရောက်နေသည့်အချိန်တွင် သူ့ကို စွန့်ခွာသွားသည်မှာ မယုံနိုင်ဖြစ်ရသည်။

"ညည်း မယုံဘူး မဟုတ်လား မိစိန်။ ဒါက အမှန်တရားပဲ မိစိန်။ ညည်းထောင်ထဲရောက်ပြီး ငါးရက်အကြာမှာ တောက်ထိန် ညည်းရှာထားတဲ့ ငွေတွေကိုယူပြီး နောက်မိန်းမယူသွားတယ်။ ဒါကို တစ်ရွာလုံးသိတယ်။ အမေ ညည်းဆီ အမြန်ရောက်မလာနိုင်ခဲ့တာလဲ တောက်ထိန် မိန်းမယူသွားတဲ့ကိစ္စကြောင့်လဲပါတယ်။ ညည်းကသာ လောဘသားကောင်ဖြစ်နေတာ။ ညည်း ယောကျ်ားက ညည်း လုပ်စာထိုင်စားပြီး ညည်းကို အသုံးချသွားတာ မိစိန်ရဲ့"

မိစိန်သည် မိခင်ဖြစ်သူထံမှ သိခွင့်ရခဲ့သော အမှန်တရားတို့ကို တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပေ။ သူသည် ငွေနောက်ကိုလိုက်ခဲ့သည်။ ထိုငွေကြောင့်ပင် လောဘ၏သားကောင် ဖြစ်ခဲ့သည်။ ထိုသို့ ဖြစ်လာသည့်အခါ တောက်ထိန်သည် သူရှာထားသည့်ငွေများဖြင့် မပူမပင်နေနိုင်ခဲ့သည်။ ယခုကဲ့သို့ သူ၏ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားချိန်တွင် တောက်ထိန်သည် သူ့ကို စွန့်ခွာသွားပြီ ဖြစ်သည်။

ထိုအရာတို့သည် လောက၏နိယာမ သဘောတရားတွေပါလား ဟု နားလည်လိုက်ချိန်တွင် အရာရာသည် နောက်ကျသွားပြီဖြစ်သည်။

## ရာသီမိဿ တန်ခူးလ

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
စိတြကြယ်မင်း
ထွန်းလင်းပေါ်ကာ၊
ထက်ကောင်းကင်မှာ
ထည်ဝါအလင်း၊
လမင်းနှင့်တူယှဉ်တွဲ
စဉ်မြဲဖြန့်ကျင်း။

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
သစ္စာမယွင်း
ပန်းမင်းပိတောက်ဝါ၊
ဝေဝေဆာဆာ
လန်းဖြာကာပွင့်၊
အဆင်းရနံ့ကောင်းခြင်းများ
ဝင့်ကြွားထူးတင့်။

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
ရေသဘင်ပွဲ
ဆင်နွဲကြရာ၊
ရင်ထဲကစေတနာ
ရေစင်မှာရောစွက်၊
ကျန်းမာစေ မိတ်အပေါင်းကို
ဆုတောင်းဖျန်းပက်။

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
စတုဒိသာအလှူပွဲ
ဆင်နွဲကြကာ၊
သူသူငါငါ
ဒါနပန်းစိုက်ထူမှု၊
သဒ္ဓါမချို့သည့်စိတ်အလှ
ဖော်ပြခြင်းပြု၊

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
ဘုရားစေတီများ
သွားရောက်ကြကာ၊
သီလ ဘာဝနာ
ဆောက်တည်ကာပွားများ၊
အကုသိုလ်ဒုစရိုက်မှုတွေ
ပြုခြင်းရှောင်ရှား။

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
တိရစ္ဆာန်တွေဘေးမဲ့ပေးခြင်း
ဆောင်ကြဉ်းကြကာ၊
အချုပ်အနှောင်ကင်းစွာ
သွားလာကျက်စားနိုင်ရေး၊
ကိုယ်ချင်းစာတရား
ပွားများသည်လေး။

\- ရာသီမိဿ
တန်ခူးလချိန်ခါ၊
မိဘဘိုးဘွား
အသက်ကြီးသူများခန္ဓာ၊
ကြေးညှော်ကင်းကွာ
သန့်စင်ရာအတွက်၊
ရေချိုးပေးကာပြုစုခြင်းလည်း
ဆောင်ကြဉ်းမပျက်။

**မနောသစ်(ပခုက္ကူ)**

ပညာကျန်းထော

# အရေးကြီးတဲ့ သိစရာအချက်

ဒီလိုဗျ။ အသက်နည်းနည်းကြီးလာတော့ ရပ်ကွက်ထဲမှာ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ရပ်ရေးရွာရေးတွေ တိုင်ပင်ညှိနှိုင်းဆွေးနွေးကြတဲ့အခါ အသက်ကြီးတဲ့ အဘိုးအိုတစ်ယောက်အနေနဲ့ ပြောစရာရှိ ပြောပါ၊ အကြံပေးစရာရှိပေးပါဆိုပြီး လာခေါ်လေ့ရှိပါတယ်။ အချိန်အားရင် သွားပါတယ်။ ကိုယ့်အလုပ်နဲ့ကိုယ် လုပ်စရာကိုင်စရာတွေရှိနေရင်လည်း မသွားတဲ့အခါ မသွားပါဘူး။ ဖတ်ချင်တာတွေက များနေတုန်းပဲ။

သွားတဲ့အခါလည်း စကားဝိုင်းထဲမှာ ဝင်မပြောဖြစ်ပါဘူး။ ကြားရသိရအောင် ထိုင်နားထောင်ပြီး ပြန်ခဲ့တာပါပဲ။ နားကနှစ်ပေါက်ပါပေမယ့် လျှာက တစ်ခုပဲ ပါလေတော့ ချွေတာရတာပေါ့။ နေရာတကာ ပါလေရာ လုပ်လို့လည်း မသင့်ဘူး မဟုတ်လား။ ကိုယ့်အလုပ်မဟုတ်တာတွေ၊ ကိုယ်မသိတာ၊ နားမလည်တာတွေက အများသားပဲ။ မသိတာ မပိုင်တာ၊ မဆိုင်တာ ဆိုဝေးဝေးနေတာပဲ ကောင်းတယ်လေ။

ပြောဖို့ရာ အခြေအနေပေးလာတယ်။ အချိန်အခါလည်းသင့်တယ်။ တက်ရောက်လာကြသူတွေက လိုလိုချင်ချင် လိုလိုလားလားနဲ့ လေးလေးစားစား နားထောင်ချင်လို့ပါ တောင်းဆိုတာမျိုးဆိုရင်တော့ ပြောပါတယ်။ တိုတိုပြောသင့်တယ်ထင်ရင် တိုတိုပေါ့။ ရှည်ရှည်ပြောမှ သင့်မယ်ထင်ရင်လည်း သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ ဇာတ်ကြောင်း ဇာတ်လမ်းရသ ပါတာလေးပါထည့်ပြီး ပရိသတ်ရင်ထဲရောက်အောင် ပြောလိုက်ရတာပေါ့။ နားထောင်ချင်သူ ကျေနပ်ပါစေတော့။

စကားပြောတာပဲ ဖြစ်ဖြစ်၊ စာရေးတာပဲဖြစ်ဖြစ် အတိုအရှည်၊ အလေးအပေါ့၊ အစိပ်အကျဲ၊ အကြောင်းအရာနဲ့ ရည်ရွယ်ချက်၊ အချက်အလက် ထည့်သွင်းပုံဆိုတာတွေက ရတဲ့အချိန်ရယ်၊ အခြေအနေရယ်၊ ပရိသတ်ရယ်၊ ပရိသတ်ရဲ့ နားထောင်လိုစိတ်ရယ်၊ ဒီလေးချက်ကို အကဲခတ်ပြီးမှ ဆီလျော်သင့်တော်အောင် ပြောရတာမျိုး။ ရေးရတာမျိုး။ ကိုယ့်စိတ်ထဲရှိရာ၊ ထင်တာတွေ စွတ်ပြောလို့ မရဘူး။

ဒီလူတွေကိုပဲ အရင်ကပြောခဲ့ဖူးပြီးသား အကြောင်းအရာ၊ ရည်ရွယ်ချက်၊ အချက်အလက်ရှိခဲ့တယ်ဆိုပြန်ရင် မထပ်အောင်ရှောင်ရပါသေးတယ်။ သိပြီးသားတွေပဲ မိမိက ထပ်ခါထပ်ခါ ပြောနေလို့ မဖြစ်ပါဘူးလေ။ အပြောင်းအလဲ အသစ်အဆန်း အခြားအကြောင်းအရာပြောင်းပြီး ပြောမှ သင့်မှာပေါ့။ ဒီလိုတော့ ရှိပါတယ်။

**"သမ္မပ္ပဓာန် တရား ၄ ပါး"** ဆိုတာကိုတော့ တစ်ကြိမ်တစ်ခါပြောဖူးပေမယ့် ထပ်ပြောပါဦး တောင်းဆိုဖူးကြလို့ မှတ်မှတ်ရရ ၂ ကြိမ် ၃ ကြိမ် ပြောပြရဖူးပါတယ်။ ဒါဟာ **"ကောင်းစွာ အားထုတ်ခြင်း ဝီရိယ လေးပါး"**ပါ။ ပါဠိလို ဥပ္ပန္နပါပက အနုပ္ပါဒါယဝါယမ အစရှိတဲ့ ပါဠိဝေါဟာရတွေကိုတော့ မိမိက စာရွက်သေးသေးလေးနဲ့ မှတ်လာခဲ့ပေမယ့် လူအများကို ပြောရာမှာတော့ ထည့်မပြောတော့ပါ။ နားရှင်းအောင် နားလည်လွယ်အောင် မြန်မာလိုအနက်ကိုသာ ပြောလေ့ရှိပါတယ်။ သမ္မပ္ပဓာန် ၄ ပါးဆိုတာ-

၁။ **မဖြစ်သေးတဲ့ မကောင်းမှုကိုမပြုမိအောင် ကြိုးစားရှောင်ခြင်း**

၂။ **ပြုဖူးခဲ့တဲ့ မကောင်းမှုမျိုးကို (ပြန်သတိရ မနေဘဲ)တစ်ခါတည်း စွန့်ပစ်ထားခြင်း၊ ထပ်မပြုမိဖို့ သတိထားရှောင်ခြင်း**

၃။ **မပြုဖူးသေးတဲ့ ကုသိုလ်တရားတွေကို ပြုဖြစ်အောင် ကြိုးစားအားရိုက်ခြင်း**

၄။ **ပြုဖူးခဲ့တဲ့ ကုသိုလ်အစုစုကိုလည်း အဖန်ဖန်အထပ်ထပ်အောက်မေ့ပွားများ သတိရအောင် အားထုတ်ခြင်း**

ဒီ ၄ ချက်ကို လူတိုင်းမသိပါ။ ကြားဖူးသူတွေက အခြားလူတွေပါ ကြားသိစေချင်လို့ထပ်ပြောပြပေးပါဦး၊ ရှင်းပြပါဦး မေတ္တာရပ်ခံလေ့ရှိကြတယ်။ ဒါကတော့ ဓမ္မာရုံလိုနေရာမျိုးမှာ အသက်အရွယ်ကြီးရင့်ကြတဲ့ ပရိသတ်ကို ပြောလေ့ရှိတဲ့ စကားမျိုးနမူနာ ပြောပြတာပါ။ နေရာတိုင်းမှာ ပြောလို့မရပေ။

လူငယ်လူရွယ်တွေများတဲ့ အစုအဝေးမှာ စကားပြောဖို့ ကြုံလာရင်တော့ သမ္ပဒါတရား ငါးပါး၊ သီလအကျင့် ပြည့်စုံခြင်းအားဖြင့် ရတဲ့ကောင်းကျိုးတရား ငါးပါးတို့ကို ဆွေးနွေးပြောပြလေ့ရှိပါတယ်။ အကြောင်းတိုက်ဆိုင်ရင် မေးမြန်းလာရင် သင်္ဂဟတရား လေးပါး ဆိုတာလည်း ဖြေရဖူးပါတယ်။ မှတ်မိလို့ ပြောတာပါ။

**"သမ္ပဒါတရား ငါး ပါး"** ဆိုတာက-

၁။ ဉာတိသမ္ပဒါ - **ဆွေမျိုးတို့နဲ့ ပြည့်စုံခြင်း**

၂။ ဘောဂသမ္ပဒါ - **စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံခြင်း**

၃။ အရောဂျသမ္ပဒါ -**အနာရောဂါကင်း၊ ကျန်းမာခြင်း**

၄။ ဒိဋ္ဌိသမ္ပဒါ - **အယူဘာသာ မှန်ကန်ခြင်းနဲ့**

၅။ သီလသမ္ပဒါ -**အကျင့်သီလ နဲ့ပြည့်စုံခြင်းတို့ပါပဲ။**

သီလနဲ့ပြည့်စုံရင် ဘာဖြစ်မလဲ မေးသူကမေးတယ် သီလကိုယ်ကျင့်တရားသာ တကယ်ဖြူစင်ကောင်းမွန်စွာစောင့်ထိန်းသူဖြစ်ပါစေ၊ လူတွေနတ်တွေက ကြည်ညိုလေးစား ချစ်ခင်ကြလို့ ကြီးပွားချမ်းသာ လိုအင်ဆန္ဒပြည့်ဝကြတာ သာဓကပြစရာတွေ အများကြီးပေါ့။ အခုကာလကော၊ ရှေးသရောအခါတွေမှာကော၊ ရှိကြတာပေါ့။

**"သီလ စောင့်ခြင်း အကျိုး ငါး ပါး၊ ဘုရားဟောတော်မူ"**ဆိုတဲ့ စကားရှိတယ်လေ။ မဟာပရိနိဗ္ဗာနသုတ်မှာ သီလရှိသူတို့ ခံစားရတဲ့ ကောင်းကျိုး ငါးမျိုးကို ဟောခဲ့တယ်။

၁။ **များစွာသော စည်းစိမ်တို့ကို ရရှိတယ်။**

၂။ **ကောင်းသောသတင်းကျော်စောခြင်း ဂုဏ်ကိုရတယ်။ အရပ်ရှစ်မျက်နှာကိုပန်းသတင်းကဲ့သို့ မွှေးရနံ့ပျံ့တယ်။**

၃။ **ပရိသတ်အလယ်မှာရဲရဲရင့်ရင့်လန်းစွာနေရတယ်။**

၄။ **မတွေဝေ မမေ့မောဘဲ သေရတယ်။**

၅။ **သေပြီးနောက် နတ်ပြည်နတ်ရွာ ရောက်ရလားရတယ်။**

ဒါတွေဟာ လူငယ်တွေထဲ သိသူလည်းရှိ၊ မသိသူလည်းရှိတော့ မေးလာရင် ပြောပြရတာပေါ့။

ဟိုတလောက အောင်မြင်ကြီးပွားရေးတွေ ဟောပြောနေတဲ့ ဘရိုင်ယန်ထရေစီ ဟောပြောနေတာတစ်ပုဒ် ကောက်နုတ်ချက်ကို ဖုန်းထဲက တစ်ဆင့်နားထောင်လိုက်ရပါတယ်။ အတိုကောက်အနေနဲ့ အောင်မြင်မှုလမ်းစကို ဒီသုံးလုံးလိုအပ်တယ်လို့ ရှင်းပြပါတယ်။

၁။ Desire **ဆန္ဒ၊တောင့်တမှု၊ အာသီသ**

၂။ Decision **အဆုံးအဖြတ်၊ ပြတ်သားမှု**

၃။ Determination **သန္နိဋ္ဌာန်၊စိတ်ခေတ်ကြံ့ခိုင်မှု**

ဟောပြောချက်ထုတ်လွှင့်တာက ကောက်နုတ်ချက်မျှသာ ဖြစ်တဲ့အတွက် ကျန်တဲ့အပိုင်းတွေ ကျန်ရှိနေသေးပုံတော့ ရပါတယ်။ မပြည့်စုံဘူး။ နားထောင်ရင်းပါသင့်ပါထိုက်တဲ့ (မပါမဖြစ်) နောက်ဒီတစ်လုံး ကျန်သေးတာကတော့

၄။ Direction **ဦးတည်ချက်၊ ရည်မှန်းချက်။**

ဘရိုင်ထရေစီလို အကြံပေးလမ်းညွှန်စကားဟောပြောချက်တွေ နှစ်ပေါင်းများစွာ ရေးသားဟောပြောပြီးထင်ရှားအောင်မြင်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ဂေါတမဗုဒ္ဓ (ဘီစီ -၅၆၃- ၄၈၃) မြတ်စွာဘုရားရဲ့တရားဒေသနာတော်တွေကို သူနှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်ဘူးဖြစ်စေ၊ လေ့လာမှတ်သားခဲ့မှာတော့ သေချာပါတယ်။ သူရေးသားတဲ့အချက်လက်တွေထဲမှာ မြတ်စွာဘုရားရဲ့ တရားဓမ္မနိယာမ၊ သဘောသဘာဝ၊ အဆုံးအမတွေ အများကြီးပါဝင်နေကြောင်း တွေ့ရပါတယ်။ သူတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ စာရေးဆရာ၊ ဟောပြောသူ၊အောင်မြင်ထင်ရှားခဲ့သူ ပညာရှင်တွေဟာ ဗုဒ္ဓဘာသာဝင် ဟုတ်ချင်မှ ဟုတ်မယ်ဆိုသော်လည်း အနောက်နိုင်ငံသားတွေဟာ တရုတ်နဲ့ အိန္ဒိယအပါအဝင် ကမ္ဘာ့အရှေ့ပိုင်းဒေသ ရှေးဟောင်းယဉ်ကျေးမှုအတွေးအခေါ်တွေကိုတော့ ပစ်ပယ်ရှောင်လွှဲလို့ မရပါ။

တရားဓမ္မထဲကအကြောင်းအချက်တွေကို ဆွေးနွေးပြောပြတဲ့အခါ စာတော်တော်ဖတ်တဲ့လူငယ်တွေ တချို့က သူတို့ကအနောက်တိုင်း တက်ကျမ်းဆရာတွေ ဖော်ပြလေ့ရှိတဲ့အချက်တွေမှာလည်း ဒါတွေကို အဆီအနှစ်အဖြစ်ဗဟိုပြုပြီး အကျယ်ရေးသားထားကြကြောင်းပြောကြပါတယ်။ အနောက်တိုင်းက စာဖတ်သူအတော်များများက စာဖတ်သက်ရင့်လာရင် ဗုဒ္ဓရဲ့ဓမ္မပဒကျမ်းစာအုပ်ကိုတော့ မဖြစ်မနေ လေ့လာဖူးကြပါတယ်။ သဘောကျနှစ်သက်လေ့ရှိကြပါတယ်။ နားမဝေးကြပါဘူး။ နိုင်ငံခြားမှာ ဆုံတွေ့ရတဲ့ ပုဂ္ဂိုလ်တချို့နဲ့ အကြောင်းအားလျော်စွာ ရောက်တက်ရာရာ ဆွေးနွေးပြောဆိုကြတဲ့အခါ ကျွန်တော်တို့ပြောပြတဲ့ ဗုဒ္ဓဘာသာတရားဓမ္မတွေထဲက အယူအဆတွေကို အံ့ဩလေးစားကြပါတယ်။

ဥပမာနေ့လယ်စာစားပွဲ၊ ညစာစားပွဲစကားဝိုင်းတွေမှာ အေးအေးဆေးဆေးပေါ့ပေါ့ပါးပါး၊ လွတ်လပ်လပ် စကားပြောဖြစ်ကြတဲ့အခါမျိုးဆိုရင် သူတို့ ပြောတာလည်း နားထောင်ရတာပေါ့။ ကိုယ်မသိတာတွေ သူတို့ပြောမှ သိရ မြင်ရတာတွေရှိပါတယ်။ တရားဓမ္မအဆုံးအမတွေနဲ့(လောကီရေးရာ) မြတ်စွာဘုရားဆိုမိန့်တာတွေဟာ သဘောတူလက်သင့်ခံရမယ့်အချက်တွေလို့ သူတို့က ပြောကြပါတယ်။

ကျွန်တော်က အာဋာဝကသုတ်ထဲက အာဋာဝကဘီလူးရဲ့ အမေး ၃ ချက်အနက် အလျဉ်းသင့်ရာ သုံးလေးချက်ကို ချပြဆွေးနွေးစေတာပေါ့။ ဆိုကြပါစို့။ ဥပမာ-လောကမှာသတ္တဝါတို့ရဲ့ အကောင်းဆုံးပစ္စည်းဟာ ဘာလဲဆိုတဲ့မေးခွန်းကို ဘုရားရှင်က သဒ္ဓါတရားလို့ တစ်ခွန်းတည်းဖြေခဲ့တာမျိုး။ သဒ္ဓါ(ပါဠိ)က **ယုံကြည်ခြင်း**၊ တစ်ဦးတစ်ယောက်(စကားကို) **အမှန်ဟု လက်ခံခြင်း။ စိတ်ချခြင်း၊ အားကိုးခြင်း။ ကြည်ညိုခြင်း။** အင်္ဂလိပ်လို Faith၊ Belief၊ Hope၊ Confidence၊ Dependence၊ Expectation၊ Reliance၊ Trust စသဖြင့် နေရာအသုံးလိုက်လို့ ကွဲပြားတာတွေ ရှိတာပေါ့လေ။

**"ယုံကြည်ခြင်း"** ဟာ အကောင်းဆုံးပစ္စည်းဖြစ်တယ်လို့ မြတ်စွာဘုရားရှင်ရဲ့ ဖြေကြားချက်ဟာ သေသေချာချာ ရှင်းပြလိုက်တဲ့အခါ သဘောပေါက်လက်ခံသွားကြပါတယ်။ ချက်ချင်းတော့ သူတို့ နားမရှင်းပါ။ တကယ်တော့ ယုံကြည်မှုဆိုတာ အားအကောင်းဆုံးပစ္စည်းပေါ့။ ယုံကြည်မှုကြောင့် စွန့်စားတယ်၊ ယုံကြည်ချက်အတွက် အနစ်နာခံစွန့်လွှတ်တယ်။ သဒ္ဓါတရားအရင်းတည်ပြီး ဒါန၊ လှူဒါန်း၊ ပေးဝေ၊စွန့်လွှတ်မှုတွေ ကြီးမားစွာပြုလုပ်နိုင်ကြတယ် မဟုတ်ပါလား။ ပေးကမ်းလှူဒါန်းတဲ့ ကောင်းမှုကုသိုလ် အကျိုးဆက်အနေနဲ့ ယခုဘဝ၊ နောင်ဘဝတွေမှာ ချမ်းသာကြွယ်ဝ၊ ပြည့်စုံကြတာ ပင်မအကြောင်းခံသဒ္ဓါတရား ယုံကြည်မှုကြောင့်ပေါ့။ ယုံကြည်တော့ ပေးလှူတယ်၊ ပေးလှူတော့ ချမ်းသာတယ်။ (ဒါနတော ဘောဂဝါတဲ့) မိမိက သူတစ်ပါးကိုမျှဝေပေးလှူနိုင်ခြင်း သဒ္ဓါတရားပြည့်စုံတော့ စိတ်ချမ်းသာတယ်လေ။ လူတွေဟာ သဒ္ဓါတရားရှိမှ ကြီးပွားချမ်းသာစမြဲပါပဲ။ ရှိလို့ လှူလှူလို့ရှိ၊ ချမ်းသာလို့ (သဒ္ဓါစိတ်ရှိရင်) ပေးဝေလှူဒါန်း၊ လှူဒါန်းတဲ့ ကံအကျိုးပေးကြောင့် ချမ်းသာပြည့်စုံ။

ဝီရိယအကျိုးလည်း မပါဘူးလား၊ပါမှာပေါ့။ ပညာရဲ့အကျိုးရောမပါဘူးလား။ ပါမှာပါ။ ဘယ်သူဘယ်ဝါရဲ့မဟုတ်ပါဘဲ ကံကံရဲ့အကျိုးနိယာမသဘောသဘာဝအရ ရှေးကဒါနကံရဲ့ အကျိုးပေးကြီးမားပုံကိုတော့ ဝီရိယတို့ ပညာတို့လည်း မယှဉ်နိုင်ကြ။ သဒ္ဓါကြောင့် ဒါနပြု၊ ဒါနကံကြောင့် ယခုဘဝ နောက်ဘဝ စည်းစိမ်ချမ်းသာ (အရင်းတည်တော့ အတိုးအမြတ်ရခြင်းနိယာမ) ကောင်းကျိုးခံစားရတာပဲပေါ့။

ဒါက အာဋာဝက ဘီလူးရဲ့မေးခွန်းအမှတ် (၁)ကို ဘုရားရှင် ဖြေကြားတော်မူတဲ့ (အရေးကြီးတဲ့ သိစရာအချက်) စကားလုံး တစ်ခွန်းပါ။ ဘုရားရှင်လက်ထက်တော်က မောင်ပုဏ္ဏာဆိုတဲ့ လယ်သမား၊ သူဌေးဖြစ်လာပုံ၊ ကာကဝလိယ ဆိုတဲ့ ဆင်းရဲသားချမ်းသာသွားပုံ၊ သုဒတ္တ ခေါ် အနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မ စသည်ဖြင့် သူဌေးသူကြွယ်များ ဘာကြောင့် ချမ်းသာကြွယ်ဝ ကြပါသလဲ။ စာဖတ်သူကော ချမ်းသာချင်ရင် ပေးလှူရမယ် ယုံကြည်မှု (သဒ္ဓါတရား) ရှိပြီလား။ ပန်း၊ ရေချမ်း၊ ဆွမ်းတို့ နေ့စဉ်မပြတ် လှူဒါန်းဆက်ကပ်လို့ ဆင်းရဲသွားသူ မရှိပါ။

❖ တရားဓမ္မထဲက အကြောင်းအချက်တွေကို ဆွေးနွေးပြောပြတဲ့အခါ စာတော်တော်ဖတ်တဲ့လူငယ်တွေ တချို့က သူတို့ကအနောက်တိုင်း တက်ကျမ်းဆရာတွေ ဖော်ပြလေ့ရှိတဲ့အချက်တွေမှာလည်း ဒါတွေကို အဆီအနှစ်အဖြစ်ဗဟိုပြုပြီး အကျယ်ရေးသားထားကြကြောင်း ပြောကြပါတယ်။ အနောက်တိုင်းက စာဖတ်သူအတော်များများက စာဖတ်သက်ရင့်လာရင် ဗုဒ္ဓရဲ့ဓမ္မပဒကျမ်းစာအုပ်ကိုတော့ မဖြစ်မနေလေ့လာဖူးကြပါတယ်။ သဘောကျနှစ်သက်လေ့ရှိကြပါတယ်။ နားမဝေးကြပါဘူး။ နိုင်ငံခြားမှာဆုံတွေ့ရတဲ့ ပုဂ္ဂိုလ်တချို့နဲ့ အကြောင်းအားလျော်စွာ ရောက်တက်ရာရာဆွေးနွေးပြောဆိုကြတဲ့အခါ ကျွန်တော်တို့ပြောပြတဲ့ ဗုဒ္ဓဘာသာတရားဓမ္မတွေထဲက အယူအဆတွေကို အံ့ဩလေးစားကြပါတယ်။❖

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မော်မော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို မတ်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကိုပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုဧပြီလထဲမှာလဲ ပန်းတနော်ဘက်ကဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မော်မော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၂၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဧပြီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဇရပ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများကုန်ကျစရိတ်သက်သာစွာရရှိနိုင်ရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာရေတင်စနစ်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဇရပ်ကြီးကျေးရွာ၌ ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် AGT ကုမ္ပဏီက ယခုနှစ်ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူများ၏ လယ်ယာမြေကေများအတွက် စိုက်ပျိုးရေများကုန်ကျစရိတ်သက်သာစွာ ရရှိမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဝင်းမာ**


# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၈၄၉၄ ဧက ရိတ်သိမ်းပြီးစီး

**ယင်းမာပင် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၈၄၉၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြ၍သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့ထားသော ဂျုံသီးနှံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၄၉၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဂျုံ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဂျုံ ၈၄၉၄ ဧက စိုက်ပျိုးထားပါတယ်။ အခုလက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးသွားပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးရာမှာ ဂျုံအထွက်နှုန်းတိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှု ကာကွယ်နိုင်ဖို့ ဆောင်ရွက်ပေးခဲ့တယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြသည်။



ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဂျုံသီးနှံရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၁၄၁ ဧက၊ ကနီမြို့နယ်တွင် ၈၅၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၈၄၁ ဧက၊ ပုလဲမြို့နယ်တွင် ၆၆၁ ဧက စုစုပေါင်း ၈၄၉၄ ဧကတို့ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် ကြွက်နွယ်ကွင်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြံခင်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြွက်နွယ်ကွင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်တာဝန်ခံအင်ဂျင်နီယာများက ကြွက်နွယ်ကွင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကြံခင်းမြို့နယ် ကြွက်နွယ်ကွင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၄၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အလျား ၃၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# ခရမ်းမြို့နယ် ပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ပင်ကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ပေါက်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပေါက်ပင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မြန်မာ့နှစ်သစ်ကူးပွဲတော်

**ရွှေဘို(တူးမာ)**



မြန်မာနိုင်ငံသည် ရိုးရာပွဲတော်များ ဆယ့်နှစ်လ ရာသီပွဲတော်များဖြင့် အစဉ်အမြဲစည်ကားနေပါသည်။ ထိုဆယ့်နှစ်လရာသီ ပွဲတော်များအနက် တန်ခူးလ၌ ကျင်းပသည့် သင်္ကြန်ပွဲတော်သည် အစည်ကားဆုံး၊ ပျော်စရာအကောင်းဆုံးဖြစ်ပါသည်။

လူမျိုးတိုင်းတွင် မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးစံအရ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသော နှစ်သစ်ချိန်ခါများရှိသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းကို လူမျိုးတိုင်းက နှစ်သက်မြတ်နိုးကြသည်။ နှစ်သစ်ကူးပြောင်းချိန်ကို မင်္ဂလာအခါအဖြစ် သတ်မှတ်ကာ နှစ်သစ်ကူးပွဲတော်များကို ပျော်ရွှင်စွာ ကျင်းပကြသည်။

ကျွန်တော်တို့မြန်မာနိုင်ငံတွင်လည်း တန်ခူးလသို့ ရောက်လျှင် သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ တပျော်တပါးဆင်နွှဲကြသည်။

သင်္ကြန်ဟူသောဝေါဟာရသည် ပါဠိဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာတို့သည် နှစ်သစ်သင်္ကြန်ပွဲတော်ကို ရှေးအစဉ်အဆက်ကတည်းက ကျင်းပခဲ့ကြသည်။ ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်က သင်္ကြန်ပွဲတော်ကာလတွင် ရေပက်ကစားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့ကြောင့် သင်္ကြန်ရေကစားခြင်းသည် ပုဂံခေတ်ကတည်းကပင် ရှိခဲ့သည်။

သင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ခေတ်အဆက်ဆက် ရိုးရာမပျက်ဆင်နွှဲလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ သင်္ကြန်နီးပြီဆိုလျှင် သင်္ကြန်စာများလည်း ထွက်ပေါ်လာသည်။ သင်္ကြန်စာသည် ဗေဒင်နက္ခတ်ပညာရှိတို့က နှစ်သစ်ကူးမည့်နေ့ရက်၊ အချိန်၊ နာရီနှင့်တကွ ဂြိုဟ်နက္ခတ်တို့ကို တွက်ချက်ဖော်ပြထားသည်။ ထို့ပြင် နှစ်သစ်ကျရောက်မည့်အချိန်အခါမှာ မိုးလေဝသအခြေအနေ၊ ကောက်ပဲသီးနှံတိုးမှု၊ ဆုတ်မှုစသည်တို့ကိုထုတ်ဖော်ဟောပြောထားသောစာတမ်းလည်းဖြစ်သည်။

သင်္ကြန်အကြိုနေ့ရောက်လျှင် အိမ်တိုင်းလိုလို အတာအိုးများထိုးကြသည်။ မြန်မာအယူအဆအရ အတာအိုးသည် သင်္ကြန်အခါ "တာစား"သူတို့အတွက် အန္တရာယ်မကျရောက်ရန် နေ့သင့်၊ နံသင့်ပန်းစိုက်ထိုးသောအိုးပင်ဖြစ်သည်။ ထို့ပြင် လူပြည်သို့ ဆင်းသက်လာမည့် သိကြားမင်းကိုကြိုဆိုသော "အတာအိုး" ဖြစ်သည်။ ထိုအတာအိုးတွင် ရေအေးရေသန့်ထည့်၍ ခုနစ်နေ့၊ ခုနစ်နံ ပန်းညွန့်လှလှကို ဝေဝေဆာဆာ ထိုးစိုက်ကြသည်။ ထိုအတာရေအိုးသည် ကမ္ဘာသူ၊ ကမ္ဘာသား ခုနစ်ရက်သားသမီးတို့ အတာရေကဲ့သို့ အေးမြပါစေဟူသော စေတနာအရင်းခံသည့် "မေတ္တာရေချမ်းအိုး" လည်းဖြစ်သည်။

သင်္ကြန်ပွဲတော်နီးကပ်လာသည်နှင့် ရာသီဥတု အပြောင်းအလဲများဖြစ်ပေါ်လာတတ်သည်။ ကောင်းကင်တွင် တိမ်ညိုတိမ်မည်းများတက်လာပြီး "လျှပ်တစ်ပြက်မိုး"ရွာသွန်းတတ်သည်။ ပူလောင်သောနွေရာသီတွင် ရွာသွန်းတတ်သော "သင်္ကြန်မိုး"သည် ပတ်ဝန်းကျင်တစ်ခုလုံးကို အေးမြစေသည်။ ထို့ကြောင့် "ဖတ်ဆွတ်ရေတိုး၊ အကြိုနိမိုး"ဟုလည်း တင်စားကြသည်။ "သင်္ကြန်မိုးလေးတွေ စိုရုံဖျန်းပက်အုံး"ဟုလည်း တေးသီချင်းဖွဲ့သီကြသည်။

သင်္ကြန်မိုးကလေး တစ်ပြိုက်၊ နှစ်ပြိုက်ရွာလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်သစ်ကူးသင်္ကြန်ပွဲတော်၏ သင်္ကေတအဖြစ် ပိတောက်ပန်းကလေးများ အစီအရီ ဖူးပွင့်လာကြသည်။ ရွှေရည်လူးသော ပိတောက်ပန်းလေးများပွင့်ဖူးလျှင် အလွန်ပျော်မြူးကြသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်သာပွင့်သော ပိတောက်ပန်းကလေးများကို မြန်မာတို့ အမြတ်တနိုးတန်ဖိုးထားကြသည်။ အမျိုးသားပန်းအဖြစ် ယူဆကြသည်။

ရှေးစာဆိုတို့ကလည်း ပိတောက်ပန်းအကြောင်းကို အမျိုးမျိုးစာဖွဲ့ခဲ့ကြသည်။ ထိုအထဲတွင်-

"ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နှင့်
ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့
သိန်သရေ ထိန်ဝေလို့ တောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း"ဟု စာဖွဲ့ထားသည့် စာဆိုဦးကြော့၏ ပိတောက်ပန်းဘွဲ့သည် ထင်ရှားလှသည်။

သင်္ကြန်မိုးပိတောက်ပန်းနှင့်အတူ သင်္ကြန်ခါရောက်ပြီဆိုလျှင် တောရောမြို့ပါမကျန် ပျော်ရွှင်စွာ ရေကစားကြသည်။ သင်္ကြန်ပွဲတော်တွင် ရေကစားခြင်းသည် နှစ်ဟောင်းမှအညစ်အကြေးကို အတာရေဖြင့် ဆေးကြောသန့်စင်ခြင်းဖြစ်သည်။

ခါသင်္ကြန်ရောက်လျှင် မြို့အလိုက် မြို့စရိုက်၊ တောဓလေ့ တောသဘာဝအရ မဏ္ဍပ်များဆောက်၊ သင်္ကြန်ယာဉ်များဆင်ကာ ဆိုကြသည်။ ကကြသည်။ ပျော်ကြသည်။ ရွှင်ကြသည်။ ရေလောင်းကြသည်။ ရေပက်ကြသည်။ သင်္ကြန်သီချင်းများသည် မြူးကြွသကဲ့သို့ သင်္ကြန်တီးလုံးများသည် ကြည်နူးဖွယ်ကောင်းလှသည်။

"မြနန္ဒာ ရေညိုညို ရစ်ခါသန်းတော့
ရွှေမန်းတောင်ရိပ် တူတူခိုမယ်
ပျိုပြုမေရယ်"ဟူသော မန်းတောင်ရိပ်ခိုသီချင်းသံ ပျံ့လွင့်လာလျှင် သင်္ကြန်ချစ်သူတို့၏ စိတ်နှလုံးတွင် ရွှင်ပြုံးကြည်လင်မြဖြစ်သည်။

ထိုတာသင်္ကြန်ပွဲသည် ပျော်ရွှင်ရေးနှင့်ကုသိုလ်ရေး ယှဉ်တွဲသောပွဲဖြစ်သည်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းတို့တွင် ကုသိုလ်ယူသူ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။ အစိုးရရုံးပိတ်ရက်၊ နွေရာသီကျောင်းပိတ်ရက်၊ တောင်သူဦးကြီးတို့ လုပ်ငန်းနားချိန်ဖြစ်သောကြောင့် ရှင်ပြုရဟန်းခံကြသည်။ ဥပုသ်သီတင်းဆောက်တည်ကြသည်။ ဘုရားရေသပ္ပာယ်ကြသည်။ သက်ကြီးရွယ်အိုဘိုးဘွားများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။

ထို့မှမက မြန်မာ့ရိုးရာမုန့်များဖြစ်သော "မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာကူ၊ ရွှေရင်အေး" တို့ပြုလုပ်ပြီး စတုဒိသာကျွေးကြသည်။ ကျောင်းသို့ ပို့လှူကြသည်။ နှစ်သစ်ကူးသည့် သင်္ကြန်ပွဲ လွန်မြောက်၍ နှစ်ဆန်းတစ်ရက်နေ့သို့ ရောက်လျှင် အန္တရာယ်ကင်း ပရိတ်တရားရွတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ ငါးလွှတ်ပွဲ၊ နွားလွှတ်ပွဲများကျင်းပခြင်းဖြင့် မြန်မာ့မြေတွင် ကောင်းမှုများဝေဆာနေတော့သည်။

ထို့ကြောင့်လည်း ဆရာဇော်ဂျီက တစ်ခုသော သင်္ကြန်ခါကဗျာတွင် "ဒါနကတဝေဝေ၊ ရေတွေကတရွဲရွဲ"ဟု ဂုဏ်ပြုရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

နှစ်သစ်ကူးသည့်သင်္ကြန်ချိန်ခါကို မြန်မာတို့ အမြတ်တနိုးတန်ဖိုးထားကြသည်။ ပျော်ရွှင်မှုအပေါင်းနှင့်လည်းပြည့်စုံပြီး ကုသိုလ်ကောင်းမှုလည်းပွားများရာ မင်္ဂလာအခါဖြစ်သည်။ ရပ်ဝေးမြေခြားရောက်နေသူများသည် သင်္ကြန်ချိန်ခါကို လွမ်းဆွတ်သတိရကြသည်။ တချို့က မိမိတို့ရောက်ရာဒေသတွင် နှစ်သစ်ကူးသင်္ကြန်ပွဲများဆင်နွှဲကြသည်။ မြန်မာနိုင်ငံရှိ နိုင်ငံခြားသားများနှင့် ကမ္ဘာလှည့်ခရီးသည်များသည်လည်း မြန်မာ့နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထို့ကြောင့် နှစ်သစ်ကူးသည့် ခါသင်္ကြန်ပွဲတော်သည် မြန်မာရိုးရာပွဲတော်များအနက် "နွေအလှ"၊ "နွေကဗျာ"အဖြစ် မြန်မာ့ကျက်သရေကို ထာဝစဉ်ဆောင်နေမည့်ပွဲတော်ဖြစ်သည်။

ထို့ကြောင့်လည်း ယနေ့လူငယ်တို့သည် ဤနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက်အောင် ဆက်လက်ထိန်းသိမ်းသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**❖ သင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ခေတ်အဆက်ဆက် ရိုးရာမပျက်ဆင်နွှဲလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ သင်္ကြန်နီးပြီဆိုလျှင် သင်္ကြန်စာများလည်း ထွက်ပေါ်လာသည်။ သင်္ကြန်စာသည် ဗေဒင်နက္ခတ်ပညာရှိတို့က နှစ်သစ်ကူးမည့်နေ့ရက်၊ အချိန်၊ နာရီနှင့်တကွ ဂြိုဟ်နက္ခတ်တို့ကို တွက်ချက်ဖော်ပြထားသည်။ ထို့ပြင် နှစ်သစ်ကျရောက်မည့်အချိန်အခါမှာ မိုးလေဝသအခြေအနေ၊ ကောက်ပဲသီးနှံတိုးမှု၊ ဆုတ်မှုစသည်တို့ကိုထုတ်ဖော်ဟောပြောထားသော စာတမ်းလည်းဖြစ်သည်။ ❖**

---

# ဖြူးမြို့နယ် ပတ်တာကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ်တာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပတ်တာကျေးရွာ၌ လမ်းအရှည်ပေ ၂၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဖြူးမြို့နယ် ပတ်တာကျေးရွာ၌ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၃၂ သိန်း အသုံးပြုပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# ရုရှားကို ကိုယ်ပွားစစ်ဆင်နွှဲနိုင်ရန် ရုန်းကန်နေရသော NATO

ဝင်းဇင်(သုတေသန)

ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်က ယူကရိန်း အထူးစစ်ဆင်ရေးကို အကူအညီပေးရန် အနောက်အုပ်စုများမှ တပ်ဖွဲ့များစေလွှတ်သွားမည့်အစီအမံကို ဖျက်သိမ်းသွားမည်မဟုတ်ကြောင်း၊ ယူကရိန်းသို့ မြေပြင်တပ်ဖွဲ့များ ထပ်မံစေလွှတ်ရေးအတွက် ဘုံသဘောတူညီချက်မရရှိသော်လည်း မည်သည့်အရာကိုမျှချန်လှပ်ထားမည်မဟုတ်ကြောင်း၊ ယူကရိန်း အထူးစစ်ဆင်ရေးတွင် ရုရှားကိုချေမှုန်းနိုင်ရေး မည်သည့်အရာမဆို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ မက်ခရွန်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဥရောပနိုင်ငံများမှ ခေါင်းဆောင် ၂၅ ဦးကို ပဲရစ်မြို့၌ လက်ခံဆွေးနွေးပြီးနောက် ထိုသို့ ပြောကြားသွားခြင်းဖြစ်သည်။

လက်ရှိအချိန်ထိ NATO အဖွဲ့သည် ယူကရိန်း တပ်ဖွဲ့များကိုလေ့ကျင့်သင်တန်းပေးခြင်းနှင့် လက်နက်ခဲယမ်းများထောက်ပံ့ပေးခြင်းတို့ လုပ်ဆောင်နေရသဖြင့် အကျပ်အတည်းတွေ့လျက်ရှိသည်။ ယူကရိန်းတွင် ရုရှားနှင့် တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်ခြင်းသည် အန္တရာယ်မြင့်တက်လာနိုင်မည်ကို အဖွဲ့ဝင်နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ၎င်း၏ဝါရင့်ဝန်ကြီးများက ရုရှားနိုင်ငံအနေဖြင့် ပြဿနာကြီးထွားလာမည်ဆိုလျှင် နျူကလီးယားလက်နက်အသုံးပြုသွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုလျက်ရှိသည်။

လက်ရှိအချိန်တွင် NATO အဖွဲ့သည် စစ်အေးတိုက်ပွဲကာလပြီးဆုံးကတည်းက အကြီးစားစစ်ရေးလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ Steadfast Defender စစ်ရေးလေ့ကျင့်မှုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလထိပြုလုပ်သွားမည်ဖြစ်ပြီး အဖွဲ့ဝင် ၃၁ နိုင်ငံက ပါဝင်လေ့ကျင့်သွားမည်ဖြစ်သည်။ တပ်ဖွဲ့ဝင်များ၏ကာကွယ်ရေးစွမ်းဆောင်ရည်များနှင့် အသင့်ဖြစ်မှုကိုမြှင့်တင်ရန်ရည်ရွယ်လျက် အကြီးစားစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥရောပဒေသဆိုင်ရာ NATO အဖွဲ့၏မဟာမိတ်တပ်မျိုး ဗိုလ်ချုပ်ကြီးခရစ္စတိုဖာကာဗိုလီက Steadfast Defender 2024 သည် မိမိတို့၏စည်းလုံးညီညွတ်မှု၊ အင်အားနှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကာကွယ်စောင့်ရှောက်သွားမည့် ခိုင်မာသောဆုံးဖြတ်ချက်၊ မိမိတို့၏တန်ဖိုးထားမှုများနှင့် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံတကာအခင်းအကျင်းတို့ကို ရှင်းရှင်းလင်းလင်းပြသသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အရေးကြီးဆုံးအချက်မှာ ၎င်းစစ်ရေးလေ့ကျင့်မှုများ၏ရှုထောင့်တစ်ခုသည် အမေရိကန်နှင့် ကနေဒါ တပ်ဖွဲ့များ ပါဝင်လေ့ကျင့်မှုပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် NATO အဖွဲ့၏ အင်အားစုစည်းမှုစွမ်းဆောင်ရည်များ၏ အမြန်နှုန်းနှင့်အရွယ်အစားပမာဏတို့ကို သရုပ်ပြသွားရန်အစီအစဉ်ရေးဆွဲထားရှိသည်။ ထို့ပြင် ၎င်းစစ်ရေးလေ့ကျင့်မှုသည် ဥရောပဒေသရှိ NATO အဖွဲ့ဝင်နိုင်ငံများကို အာမခံချက်ပေးရန်နှင့် စစ်မြေပြင်တွင် NATO အဖွဲ့၏ရန်သူများကို ရင်ဆိုင်ချေမှုန်းနိုင်ရန် သရုပ်ပြလေ့ကျင့်သွားမည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုများသည် ဆက်သွယ်မှုအဟန့်အတား၏အစိတ်အပိုင်းများဖြစ်သည်။

၎င်းစစ်ရေးလေ့ကျင့်မှုသည် အဆင့်တူရန်သူနိုင်ငံများနှင့် ပဋိပက္ခဖြစ်ပွားမှုသဏ္ဌာန်တူလေ့ကျင့်မှုများလုပ်ဆောင်သွားမည်ဖြစ်သည်။ စင်စစ်အားဖြင့် ၎င်းစစ်ရေးလေ့ကျင့်မှုသည် ရုရှားကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး NATO အဖွဲ့သည် ရုရှား၏ ပြင်းထန်သောခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။ စစ်အေးတိုက်ပွဲကာလတွင် NATO အဖွဲ့သည် စစ်ရေးလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ခဲ့သည်။ သာဓကအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ဗြိတိန်ဦးဆောင်သော Exercise Lionheart သည် ဗြိတိန်တပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်ဦးရေ ၅၈၀၀၀ နှင့် အမေရိကန်၊ နယ်သာလန်နှင့် ဂျာမနီတို့မှ တပ်ဖွဲ့ဝင် ၁၃၁၅၆၅ ဦး တို့ပါဝင်လေ့ကျင့်ခဲ့ကြသည်။

**သွေးစည်းခြင်းလား၊ စွာပြဲခြင်းလား**

NATO အဖွဲ့၏သွေးစည်းညီညွတ်မှုနှင့် စစ်ရေးစွမ်းဆောင်ရည်သရုပ်ပြသမှုသည် များစွာအရေးပါလျက်ရှိသည်။ ယူကရိန်းပဋိပက္ခအတွင်း တုံ့ပြန်စစ်ဆင်ရာ၌ နှစ်နှစ်ကျော်မတူကွဲပြားမှုများဖြစ်ပေါ်ခဲ့ပြီး ယူကရိန်း၏အနောက်တိုင်းမဟာမိတ်များသည် စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ငြင်းခုံခဲ့ကြသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်က NATO အဖွဲ့ဝင်နိုင်ငံများသည် စစ်အသုံးစရိတ်ကို သတ်မှတ်ချက်အတိုင်း ထည့်ဝင်ခြင်းမရှိသည့်အတွက် အမေရိကန်အနေဖြင့် အကာအကွယ်ပေးနိုင်တော့မည်မဟုတ်ကြောင်း သဘောထားမှတ်ချက်ပြုပြီးနောက်ပိုင်းအဖွဲ့ဝင်နိုင်ငံများကြား သဘောထားကွဲလွဲမှုများသိသိသာသာစတင်ဖြစ်ပေါ်လာခဲ့သည်။ NATO အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့ GDP ၏ နှစ်ရာခိုင်နှုန်းကို စစ်အသုံးစရိတ်သုံးစွဲသွားရန် ကတိကဝတ်ပြုထားကြသော်လည်း ကာကွယ်ရေးအသုံးစရိတ်နှင့်စပ်လျဉ်း၍ ပိုမိုနက်နဲရှုပ်ထွေးလာခဲ့သည်။ အချို့သောနိုင်ငံများသည် ကာကွယ်ရေးအသုံးစရိတ်ကို NATO အဖွဲ့၏သတ်မှတ်ချက်အတိုင်း ခွဲဝေသုံးစွဲလျက်ရှိသည်။ သို့သော် အခြားနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ နှစ်ရာခိုင်နှုန်းအောက်သာ သုံးစွဲနေသည့်တိုင်အောင် အဆိုပါပမာဏသည် NATO အဖွဲ့၏သတ်မှတ်ချက်ထက် ကျော်လွန်လျက်ရှိသည်။

အမေရိကန်သည် GDP ၏ ၃ ဒသမ ၉ ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်သုံးစွဲနေသော်လည်း ၎င်းပမာဏအားလုံးသည် NATO အဖွဲ့အတွက်မဟုတ်ပေ။ အမေရိကန်၏စစ်အင်အားအများစုကို ပစိဖိတ်နှင့် အမိမြေလုံခြုံရေးအတွက် ဖြန့်ကြက်ထားရှိသည်။ ထို့ကြောင့် ကာကွယ်ရေးအသုံးစရိတ်အရ NATO အဖွဲ့ဝင်နိုင်ငံ၏တန်ဖိုးကိုအကဲဖြတ်ရာတွင်လွဲမှားမှုရှိနိုင်ပေသည်။

NATO အဖွဲ့စာချုပ်၏ အဓိကအပိုဒ်သည် Article 5 ဖြစ်သည်။ ၎င်းအပိုဒ်သည် စုပေါင်းလုံခြုံရေးဆောင်ရွက်သွားရန်နှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အခြားရန်လိုသောနိုင်ငံကတိုက်ခိုက်လာလျှင် မဖြစ်မနေ အကာအကွယ်ပေးသွားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသည်။ အမေရိကန်သည် 9/11 တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် Article 5 ကို ကိုးကားဆောင်ရွက်ခဲ့သည့် တစ်ခုတည်းသော NATOအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်သည် အာဖဂန်တွင် စစ်ပွဲဆင်နွှဲခြင်းနှင့် အကြမ်းဖက်ဆန့်ကျင်ရေးစစ်ပွဲများဆင်နွှဲရာတွင် အခြားသော NATO အဖွဲ့ဝင်များ၏ ထောက်ပံ့ကူညီမှုများရရှိခဲ့သည်။

**တိုက်ပွဲဝင်ရန် NATO အသင့်ဖြစ်ပြီလား**

မည်သို့ပင်ဆိုစေ NATO အဖွဲ့ရင်ဆိုင်နေရသည့် သိသာထင်ရှားသော ပြဿနာသည် ၎င်း၏ တပ်ဖွဲ့များကိုဖြန့်ကြက်ခြင်းမရှိဘဲ အကူအညီသာပေးအပ်နေခြင်းပင်ဖြစ်သည်။ ယူကရိန်းနိုင်ငံကို စစ်သုံးပစ္စည်းများနှင့် ခဲယမ်းများအကူအညီပေးရန် ကြိုးပမ်းလျက်ရှိသော်လည်း NATO အဖွဲ့သည် လက်နက်ခဲယမ်းများစုပုံသိုလှောင်ထားနိုင်စွမ်းမရှိသလို ကာလရှည်ကြာဖြစ်ပွားသည့်ခေတ်သစ်စစ်ပွဲအတွက်လည်း လက်နက်ခဲယမ်းများ ထုတ်လုပ်ပေးနိုင်စွမ်းလည်းရှိမည်မဟုတ်ချေ။ NATO အဖွဲ့အနေဖြင့် စစ်လက်နက်ပစ္စည်းရရှိနိုင်သည့်အချိန်အတွင်းသာလျှင် စစ်ဆင်နွှဲနိုင်မည်ဖြစ်သည်။ ထို့ကြောင့် NATO အဖွဲ့၏ မဟာဗျူဟာသည် ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် ခပ်မြန်မြန်အဆုံးသတ်သွားလိုသည့်ဆန္ဒရှိနေသည်။



NATO အဖွဲ့၏ ဝါရင့်တပ်မှူးနှင့် မြောက်အတ္တလန္တိတ်ကောင်စီစစ်ဘက် အကြံပေးဖြစ်သည့် တော်ဝင်နယ်သာလန်ရေတပ်မှ ရေတပ်ဗိုလ်ချုပ်ကြီး Rob Bauer သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်ပြုလုပ်သည့် ဝါဆောလုံခြုံရေးဖိုရမ်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် မိမိတို့အနေဖြင့် အင်အားအများအပြားလိုအပ်ကြောင်း၊ နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း အတူတကွတည်ဆောက်ခဲ့သည့် မိမိတို့၏ စီးပွားရေးသည် အရာများစွာအတွက်အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ သို့သော် စစ်မက်ဖြစ်ပွားသည့်အချိန်တွင် တပ်ဖွဲ့များသည် အသင့်မဖြစ်သေးကြောင်းပြောကြားသွားခဲ့သည်။

အထူးသဖြင့် ပိုလန်၊ ချက်နိုင်ငံနှင့် NATO အဖွဲ့၏ ၃၂ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့် ဆွီဒင်တို့အပါအဝင် ဥရောပကောင်စီအဖွဲ့ဝင်နိုင်ငံများစွာသည် သမ္မတမက်ခရွန်၏သဘောထားမှတ်ချက်နှင့် ခပ်ခွာခွာနေထိုင်လျက်ရှိသည်။

သို့သော် ရုရှားနိုင်ငံကမူ ယူကရိန်းနိုင်ငံသို့ အနောက်အုပ်စုတပ်ဖွဲ့များ စေလွှတ်သွားမည့် မက်ခရွန်၏ သဘောထားမှတ်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် မလွှဲသာမရှောင်သာသောအခြေအနေကို ထိပ်တိုက်ရင်ဆိုင်ရန်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စ်ကော့ဗ်က ပြောကြားသွားခဲ့သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၉ ရက်တွင် ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းနိုင်ငံသို့ NATO ၏ တပ်ဖွဲ့ဝင်များစေလွှတ်မှုသည် နျူကလီးယားစစ်ပွဲကိုဦးတည်စေနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။ NATO အဖွဲ့အနေဖြင့် ရုရှားပိုင်နက်နယ်မြေကို ခြိမ်းခြောက်မှု ပိုမိုတိုးမြှင့်လာမည်ဆိုလျှင် သို့တည်းမဟုတ် ကျူးကျော်တိုက်ခိုက်ရန် အစီအမံများရှိနေမည်ဆိုလျှင် နျူကလီးယားလက်နက်အသုံးပြုနိုင်မှုသည် ရုရှားခေါင်းဆောင်များ၏စိတ်တွင်သာ ရှိနေမည်ဖြစ်သည်။

အမှန်တကယ် NATO အဖွဲ့သည် ကာလအတန်ကြာထိ ယူကရိန်းပဋိပက္ခကို မီးလောင်ရာလေပင့်လုပ်ဆောင်ခဲ့သည်။ ရုရှားတပ်ဖွဲ့များကို ယူကရိန်းပိုင်နက်နယ်မြေမှ မောင်းထုတ်နိုင်ရေးအကူအညီပေးရာတွင် ပြဿနာကိုသာ ပိုမိုကြီးထွားစေခဲ့သည်။ စင်စစ်အားဖြင့် NATOအဖွဲ့သည်ရုရှားနိုင်ငံကို ရည်ရွယ်လျက် NATO တပ်ဖွဲ့ဝင်များနှင့် လက်နက်များအတွက် အခြေစိုက်စခန်းများရှာဖွေနေကြောင်းကို အထောက်အထားများတွေ့ရှိထားသည်။ နယူးယောက်တိုင်းသတင်းစာ၏အဆိုအရ အမေရိကန်သည် ရုရှားနယ်စပ်အနီး ယူကရိန်းပိုင်နက်နယ်မြေတွင် CIA အခြေစိုက်စခန်း ၁၂ ခု တပ်ဖြန့်ချထားပြီးဖြစ်သည်ဟုဆိုသည်။

အမှန်တကယ် ယူကရိန်းနိုင်ငံကိုကူညီနေသော အမေရိကန်နှင့် NATO အဖွဲ့သည် ရုရှားခေါင်းဆောင်များနှင့် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များကို ချေမှုန်းရာတွင် နက်ရှိုင်းစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ NATO အဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံကိုချေမှုန်းနိုင်ရေးထက် အုပ်ချုပ်သူပြောင်းလဲရေးအတွက်ကြိုးပမ်းနေသည်မှာ သံသယဝင်ရန်မလိုသောကိစ္စပင်ဖြစ်သည်။ ရုရှားသမ္မတ ပူတင်အနေဖြင့် NATO အဖွဲ့ဦးဆောင်သောစစ်ဆင်ရေးသည် ၎င်းကိုပစ်မှတ်ထားလျက်ရှိကြောင်းကို ကောင်းစွာနားလည်သဘောပေါက်ထားပြီးဖြစ်သည်။

စင်စစ်အားဖြင့် NATO အဖွဲ့ကိုယ်တိုင်သည်ပင်လျှင် ရုရှားနိုင်ငံနှင့်စစ်ဆင်နွှဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်နည်းလမ်းမရှိသေးပေ။ လက်ရှိအချိန်သည် ယူကရိန်းပဋိပက္ခမတိုင်မီကာလကထက်ပင် ကြိုတင်ပြင်ဆင်နိုင်ရန် ခက်ခဲလာပြီဖြစ်သည်။ အကြောင်းမူကား NATO အဖွဲ့သည် ယူကရိန်းသို့အရေးပါသော စစ်လက်နက်ပစ္စည်းများတင်ပို့ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများတွင်ခဲယမ်းများ၊ သံချပ်ကာနှင့်ဒုံးကျည်များကဲ့သို့သော အရေးပါသည့်ကာကွယ်ရေးပစ္စည်းများလျော့နည်းလာနေပြီဖြစ်သည်။ ထို့ထက်ပိုဆိုးသည်မှာNATO ခေါင်းဆောင်များသည် တင်းမာမှုများမြင့်တက်လာစေရန် ရုရှားခေါင်းဆောင်များကို မခံချိမခံသာဖြစ်အောင်လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။အမှန်တကယ် NATOအဖွဲ့သည် သမားရိုးကျတိုက်ခိုက်မှုကိုခုခံနိုင်စွမ်းမရှိသဖြင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ခုခံတိုက်ခိုက်နိုင်ရန်ပိုမိုခက်ခဲနေမည်ဖြစ်ပေသည်။

စင်စစ်အားဖြင့် NATO အဖွဲ့သည် ခံစစ်စနစ်မဟုတ်ဘဲ ထိုးစစ်အပြုအမူပုံစံဖြင့် ဟန်ဆောင်ရပ်တည်လျက်ရှိသော်လည်း အခက်အခဲအကျပ်အတည်းများစွာကိုရင်ဆိုင်ရလျက်ရှိသည်။ NATO အဖွဲ့သည် အရှေ့ဥရောပနှင့်ဖင်လန်ထိ ၎င်း၏နယ်မြေကိုချဲ့ထွင်နိုင်ခဲ့ပြီး ယူကရိန်းထိ တိုးချဲ့သွားရန်ရည်မှန်းဆောင်ရွက်လာခဲ့သည်။ သို့သော်ရုရှားနိုင်ငံသည် ယူကရိန်းထိ နယ်မြေချဲ့ထွင်လာမည့် NATO အဖွဲ့၏ ရည်မှန်းချက်ကို လက်မခံဘဲပြတ်ပြတ်သားသားတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်အပါအဝင် NATO အဖွဲ့ဝင်နိုင်ငံများသည် ယူကရိန်းပဋိပက္ခတွင် တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများထောက်ပံ့ကူညီနေရာမှ ကိုယ်ပိုင်ကာကွယ်ရေးအတွက် စစ်အင်အားချည့်နဲ့လာလျက်ရှိသဖြင့် တဖြည်းဖြည်းအကျပ်ရိုက်လာကာ ပိုမိုရုန်းကန်လှုပ်ရှားလာရပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- Is NATO really ready for war with Russia?By Asia Times.
- NATO needs to pull its soldiers from Ukraine By Asia Time.
- NATO is a mess and the Russians are winning By Asia Times.

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၈၄ ဒသမ ၂၃၈ သန်း ရရှိခဲ့



**နေပြည်တော် ဧပြီ ၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၈၄ ဒသမ ၂၃၈ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပဲအမျိုးအစား ၂၀ ကျော်ကို ပြည်ပဖောက်သည်ဈေးကွက်များသို့ နှစ်စဉ်၊ အပတ်စဉ် တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၃၄၂ ဒသမ ၈၅၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၃၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၈၄ ဒသမ ၂၃၈ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ရသည်။

အဆိုပါကာလအတွင်း ပြည်ပဖောက်သည်နိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရောင်းချပေးခဲ့ရာတွင် မတ်ပဲကို အများဆုံး တင်ပို့ရောင်းချပေးခဲ့ရပြီး ပဲတီစိမ်းကို ဒုတိယအများဆုံးနှင့်ထောပတ်ပဲကို တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇၂၁ ဒသမ ၉၁၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၂၄ ဒသမ ၉၀၇ သန်းဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ပဲတီစိမ်းကိုတင်ပို့ရောင်းချပေးရာတွင် ပဲတီစိမ်းအလုံးရော ပဲတီစိမ်းလုံးခြမ်းပါ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ပဲတီစိမ်းအလုံးကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၉၇ ဒသမ ၉၅၃ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၉၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃၆ ဒသမ ၈၉၃ သန်းနှင့် ပဲတီစိမ်းလုံးခြမ်းကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချမှုမရှိဘဲ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၆၄၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၅၃၆ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရသည်။

ထို့အတူ ထောပတ်ပဲကိုလည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၉၀၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၈၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၇၉၁သန်းဖြင့် တတိယအများဆုံး ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ SKL

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အုတ်ကုန်းကျေးရွာအုပ်စု နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၅၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၄၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၁၅ | ၂၉၁၅ | ၂၉၀၅ | ၂၉၁၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၀၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

Black Tea

ရွှေဖီဦး

Tea Mix

Lemon Tea









ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရွှေလိပ်ဦး

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။

၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၇၊ ၀၉-၄၀၂၅၁၁၅၈၅


စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို ဂိတ်ပိုင် ဦးဝီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။

ဥက္ကဋ္ဌ-ဦးဝီတာ

ဖုန်း-09-2004223, 09-47222224

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့်အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ တစ်ဖက်သတ်ဖိအားပေးမှုသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူဖြစ်စေမည်မဟုတ်

မကြာသေးမီကာလများအတွင်း ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုထောင့်မျိုးစုံမှ ဖိအားပေးခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့၌ ၂၀၂၄ ခုနှစ် မေ ၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကို ဆွေးနွေးခဲ့သည်။

ဂျီနီဗာမြို့၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ဧပြီ ၅ ရက်ထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အပြန်အလှန်ဆွေးနွေးမှုနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ၏ အပြန်အလှန်ဆွေးနွေးမှုတို့ကို မတ် ၁ ရက်နှင့် ၁၉ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံကတင်သွင်းသည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို ဧပြီ ၄ ရက်တွင် သက်ဆိုင်ရာမြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသည့်တစ်ဖက်သတ်စွပ်စွဲဖော်ပြချက်များပါဝင်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိန်ခေါ်မှုများရှိသော်လည်း နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊သာယာဝပြောရေးနှင့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲစနစ်တကျကျင်းပနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများက ပြည်ပနိုင်ငံများသို့ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆူးလေဆိပ်ခံတံတားအမှတ် ၆(SPW-6)မှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ **စာမျက်နှာ ၂၀ ကော်လံ ၄** ☐

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ခုနစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

## ထူးခြားသည့် နေ့အပူချိန်များ (၈-၄-၂၀၂၄)

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၆ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၅ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၅ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၅ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraftand Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services




မှန်သည် မြန်သည် မြဝတီ
Phone No: (01) 2301367, 2301368, 2301452, 2301378